EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၃၈) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( အောက်တိုဘာ ၂၂ ၊ ၂၀၁၈ )



ဓာတ်ပုံ – စည်သူ(မြစ်ကြီးနား)

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားသို့ နေ့ချင်းပြန်လာရောက်

အောက်တိုဘာ ၁၉

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ အစိုးရသစ်တက်ပြီးနောက်ပိုင်းမှာ ဒုတိယအကြိမ်အဖြစ် အောက်တိုဘာလ ၁၉ ရက်နေ့က နေ့ချင်းပြန်ခရီးအနေနဲ့ မြစ်ကြီးနားမြို့ကို လာရောက်ခဲ့ပါတယ်။

ဒီတစ်ခေါက် လာရောက်ရာမှာ သူမ၏မိခင် ဒေါ်ခင်ကြည်အမည်နဲ့ ထူထောင်ထားတဲ့ ဖောင်ဒေးရှင်းက လှူဒါန်းထားတဲ့ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်က မူးယစ်ဆေးဝါး ပြန်လည်ထူထောင်ရေးအဆောက်အအုံကို လာရောက်ဖွင့်လှစ်ပေးခဲ့တာပဲ ဖြစ်ပါတယ်။

စာ – ၂ သို့ »

## သဘာဝဘေးအန္တရာယ်ကြောင့် ကချင်ပြည်နယ်တွင် ပြည်သူ ၉၀၀၀ နီးပါး ဘေးသင့်ခဲ့

စာ – ၁၃ သို့ »

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အသွင်တူဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်လိုသည့် ကချင်ပြည်နယ်မှလူငယ်များ လျှောက်ထားနိုင်

စာ – ၁၅ သို့ »

## မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မြစ်ကြီးနားမြို့သို့ လာရောက်

စာ – ၅ သို့ »

## ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေး မသွားရောက်သင့်ဟု ပြည်နယ်အစိုးရ သတိပေးထားသည့် ရွာ ၄ ရွာ

စာ – ၄ သို့ »

## ၂၀၁၈ ဖိလစ်ပိုင် မင်ဒါနာအိုကျွန်းရဲ့ နိုင်ငံရေးအလှည့်အပြောင်း

M kawn La ရေးသားသည်။

စာ – ၁၀ သို့ »

## ယောက်ျားလေးလို နေထိုင်တတ်ပေမယ့် ကိုယ်ပိုင်မိသားစုဘဝလေးထူထောင်မယ်၊ အပျိုကြီးလုပ်ဖို့ အစီအစဉ်မရှိဘူးဆိုတဲ့ Rocker မလေး မိုင်းမိုင်ဆိုင်းနဲ့ တွေ့ဆုံခြင်း

ဒီအပတ်ရဲ့အနုပညာကဏ္ဍမှာ တွေ့ဆုံမေးမြန်းထားတဲ့သူကတော့ကချင်ပြည်နယ်၊ဖားကန့်၊ ဆိပ်မူဇာတိဖွား အဆိုတော်မလေး မိုင်းမိုင်ဆိုင်းပဲ ဖြစ်ပါတယ်။ မိုင်းမိုင်ဆိုင်းဟာ မောင်နှမငါးယောက်ထဲမှာ စတုတ္ထမြောက်သမီးဖြစ်ပြီး သူဟာမြစ်ကြီးနားတက္ကသိုလ်မှာ တတိယနှစ် အင်္ဂလိပ်စာမေဂျာနဲ့ ကျောင်းတက်နေတဲ့ အချိန် မိသားစုအခက်အခဲကြောင့် ကျောင်းနားပြီး အလုပ် လုပ်ကိုင်ခဲ့တယ်။ နောက်ပိုင်း သူမဟာ Myanmar Idol Seasom II ဝင်ပြိုင်ရင်း အများနဲ့မတူတဲ့ ရှတတ Crush Tone အသံလေးနဲ့ အသံအားခပ်ပြင်းပြင်းကြောင့် ထင်ရှားလာတဲ့သူ ဖြစ်တယ်။ မိုင်းမိုင်ဆိုင်းရဲ့ လတ်တလောအနုပညာလှုပ်ရှားမှုတွေ၊



သူ့ရဲ့အတွေ့အကြုံတွေ၊ သူ့ရည်မှန်းချက်တွေ၊ သူ့အိမ်ထောင်ရေးတွေနဲ့ပတ်သက်ပြီး မြစ်ကြီးနားသတင်းဂျာနယ်က မေးမြန်းထားတာတွေကို ပြန်လည် မျှဝေပေးလိုက်ရပါတယ်။

စာ – ၁၂ သို့ »

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
မြစ်ကြီးနားသတင်းဂျာနယ်
( အောက်တိုဘာ ၂၂ ၊ ၂၀၁၈ )

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားသို့ နေ့ချင်းပြန်လာရောက်










အောက်တိုဘာ ၁၉

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ အစိုးရသစ်တက်ပြီးနောက်ပိုင်းမှာ ဒုတိယအကြိမ်အဖြစ် အောက်တိုဘာလ ၁၉ ရက်နေ့က နေ့ချင်းပြန်ခရီးအနေနဲ့ မြစ်ကြီးနားမြို့ကို လာရောက်ခဲ့ပါတယ်။

ဒီတစ်ခေါက် လာရောက်ရာမှာ သူမ၏မိခင် ဒေါ်ခင်ကြည်အမည်နဲ့ ထူထောင်ထားတဲ့ ဖောင်ဒေးရှင်းက လှူဒါန်းထားတဲ့ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်က မူးယစ်ဆေးဝါး ပြန်လည်ထူထောင်ရေးအဆောက်အအုံကို လာရောက်ဖွင့်လှစ်ပေးခဲ့တာပဲ ဖြစ်ပါတယ်။

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်မှာ မူးယစ်ဆေးဝါးဖြတ်သူများ ပြန်လည်ထူထောင်ရေးစခန်းကို ဖွင့်လှစ်ထားတာဖြစ်ပြီး အဲဒီလိုဖွင့်လှစ်နိုင်ဖို့ချက်သမ္မတနိုင်ငံက အကူအညီပေးခဲ့ကြောင်းနဲ့ မြန်မာနိုင်ငံတွင်း တခြားနေရာတွေမှာလည်း မူးယစ်ဆေးဖြတ်စခန်းတွေ ထပ်ဖွင့်လှစ်သွားဖို့ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

မနက် ၈ နာရီလောက်ကနေ ရောက်ရှိလာတဲ့ ဒီ ခရီးစဉ်အတွင်းမှာ ဗလမင်းထင်တံတားတစ်ဘက်ကမ်းက ရွှေမိုးတောင်စေတီ၊ ချီဖွေလန်ဆယ် ရေဘေးရှောင်စခန်း၊ ပလန (၁) စိန့်ဂျိုးဇက် စစ်ရှောင်စခန်းနဲ့ အင်ဂျန်ဒုံစစ်ရှောင်စခန်းတွေကို သွားရောက်ပြီးတော့ တွေ့ဆုံပွဲတွေ ပြုလုပ်ခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က နေရပ်စွန့်ခွာ တိမ်းရှောင်လာသူတွေကို ပညာရေးနဲ့ ကျန်းမာရေး အထူးဂရုစိုက်ကြဖို့မှာကြားခဲ့ပြီးတော့ စစ်ရှောင်တွေရဲ့ အဆင်မပြေမှုအကြောင်းအရာတွေကို မေးမြန်းခဲ့ပြီး စစ်ရှောင်တွေပြောတဲ့ အဆင်မပြေမှုတွေကို ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကူညီထောက်ပံ့မှုတွေ လုပ်ဆောင်ပေးသွားဖို့ အဆက်မပြတ်မှာကြားခဲ့ပါတယ်။

"အထူးသဖြင့် လူငယ်တွေကို စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးဖို့ အလေးအနက်ထားပြီးတော့၊ အလေးထားပြီးတော့ လုပ်ဆောင်စေချင်ပါတယ်။ ဒါဟာ ပြည်နယ်ဝန်ကြီးချုပ်ကြီးရယ်၊ လူ/ကယ်/ပြန်ဝန်ကြီးရယ်မှာ တာဝန်ရှိပါတယ်။ ကျန်းမာရေး၊ ပညာရေးနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးတွေမှာလည်း တာဝန်ရှိပါတယ်"လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

စစ်ရှောင်ပြည်သူများအနေနဲ့ အမြန်ဆုံး နေရပ်ပြန်နိုင်ရေး၊ ငြိမ်းချမ်းရေး၊ ပြန်လည်ထူထောင်နိုင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ပြီး ဝိုင်းဝန်းလုပ်ဆောင်နိုင်မယ့် စိတ်ဓာတ်တွေကိုလည်း မွေးမြူကြဖို့တိုက်တွန်းခဲ့ပါတယ်။

မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် စနစ်တကျဆောင်ရွက်သွားဖို့ လိုမှာဖြစ်ပြီးတော့ မူးယစ်ဆေး သုံးစွဲသူများကိုလည်း လုံးဝပပျောက်သည်အထိ စီမံကိန်းလုပ်ငန်းများ ချမှတ်လုပ်ဆောင်သွားရန် လိုအပ်တယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

"ပြန်လည်ထူထောင်ရေးလုပ်တဲ့နည်းတွေထဲမှာ စိုက်ပျိုးရေးနည်းနဲ့ ဥယျာဉ်ထိန်းသိမ်းတဲ့နည်းနဲ့လုပ်တာဟာ အကောင်းဆုံးလို့ ကျွန်မထင်ပါတယ်။ ဒီစခန်းမှာလာပြီး မူးယစ်ဆေးဝါး လာဖြတ်တဲ့ ပုဂ္ဂိုလ်တွေက တကယ်ပြတ်သွားဖို့၊ မိမိရပ်ရွာ နေထိုင်ရာဒေသတွေကို အကျိုးပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေ ပြန်ပြီးတော့ ဖြစ်လာနိုင်ဖို့ အရေးကြီးပါတယ်" လို့ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပြောကြားခဲ့တာပါ။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ အောက်တိုဘာလ ၁၉ ရက်တစ်နေကုန်အောင် မရပ်မနားသွားပြီး ညနေပိုင်းမှာ မြစ်ကြီးနားကနေ ပြန်လည်ထွက်ခွာသွားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့အစိုးရလက်ထက်မှာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် မတ်လတုန်းက ကချင်ပြည်နယ်ကို တစ်ခေါက်ရောက်ရှိခဲ့ပြီး ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင်က ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ နမ္မတီး၊ နန့်မွန်း၊ ပူတာအိုမြို့တွေကို မဲဆွယ်စည်းရုံးရေးခရီးစဉ်အနေနဲ့ လာရောက်ခဲ့ဖူးပါတယ်။

စည်သူ(မြစ်ကြီးနား)

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀ | နေ့စဉ်ပုံမှန် ၂ ကြိမ်
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀ | ပြေးဆွဲပေးနေပါသည်



မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဈေးရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။


# ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးကြစေလို


၂၀၁၅ ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ခံရပြီး လွှတ်တော်ကိုယ်စားလှယ်တာဝန်ကနေ နုတ်ထွက်တာ၊ ကွယ်လွန်သွားတာ၊ ပြည်ထောင်စုအဆင့်မှာ အစိုးရတာဝန်ပေးအပ်ခံရတာ စတဲ့ အခြေအနေတွေကြောင့် ကိုယ်စားလှယ်လစ်လပ်တဲ့ နေရာတွေမှာ ပြန်လည်ခန့်ထားဖို့ လာမယ့်နိုဝင်ဘာလ ၃ ရက်နေ့မှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပတော့မှာ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံးမှာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ရဲ့ တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အပါအဝင် ပြည်သူ့လွှတ်တော်လေးနေရာ၊ အမျိုးသားလွှတ်တော် ၁ နေရာနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ၈ နေရာ စုစုပေါင်း လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမှာ ဖြစ်ပါတယ်။

ဇူလိုင်လ ၂ ရက်နေ့ကနေ ၁၁ ရက်နေ့အထိ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းဖို့ သတ်မှတ်ခဲ့စဉ်က တစ်နိုင်ငံလုံးအတိုင်းအတာအမည်စာရင်းတင်သွင်းသူ ၆၉ ယောက်ထဲမှာ ပါတီကိုယ်စားပြုတင်သွင်းသူ ၆၂ ယောက်နဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအဖြစ် တင်သွင်းသူ ၇ ယောက်ရှိတယ်လို့ သတင်းတွေမှာ ဖော်ပြတာတွေ့ရပါတယ်။

အဲဒီထဲမှာ မြစ်ကြီးနားမြို့နယ်က အမျိုးသားလွှတ်တော် တစ်နေရာစာအတွက် ပါဝင်နေပါတယ်။ အဲဒီ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မယ့်သူ ခြောက်ဦးရှိပါတယ်။ တစ်သီးပုဂ္ဂလတစ်ဦးနဲ့ ပါတီကိုယ်စားပြုအမတ်လောင်း ၅ ဦးရှိပါတယ်။ ယှဉ်ပြိုင်မယ့်သူတွေကတော့ ဒေါက်တာသန်းထိုက်ဦး (တစ်သီးပုဂ္ဂလ)၊ ဒေါ်ယမ်ခေါန် (NLD)၊ ဦးဆီဟူးဒွေ့ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဒေါ်MD ခေါ်ညွယ် (ပြည်ထောင်စု တိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီ)၊ ဦးအောင်ခမ်း (ကချင်ဒီမိုကရက်တစ်ပါတီ)နဲ့ ဒေါ်ခင်အုန်း (ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ) တို့ဖြစ်ကြပါတယ်။




| ၂၀၁၇ ခုနှစ် အခြေအနေ | | | |
|---|---|---|---|
| မဲဆန္ဒနယ် | မဲပေးပိုင်ခွင့်ရှိသူ | မဲပေးသူ | ရာနိုင်နှုန်း |
| လှိုင်သာယာ | ၃၇၈,၅၁၆ | ၄၆,၄၁၈ | ၁၂.၂၆ % |
| ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၉၉,၆၃၁ | ၄၁,၅၀၄ | ၄၁.၆၆ % |
| ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၈၉,၈၀၇ | ၂၆,၂၅၀ | ၂၉.၂၃ % |
| ကော့မှူး | ၉၄,၆၉၈ | ၅၆,၁၄၁ | ၅၉.၃၉ % |
| မုံရွာ | ၂၅၀,၀၄၀ | ၁၁၉,၂၇၂ | ၄၇.၇၀ % |
| ချောင်းဆုံ | ၁၂၆,၂၂၅ | ၄၈,၅၃၅ | ၃၈.၄၅ % |
| အမ်း | ၇၆,၀၈၆ | ၄၆,၆၆၉ | ၆၁.၃၄ % |
| မိုင်းရှူး | ၄၃,၉၆၄ | ၂၁,၁၀၉ | ၄၈.၀၁ % |
| ကျေးသီး | ၅၃,၄၅၁ | ၂၄,၅၂၁ | ၄၅.၈၈ % |
| ချင်း-၃ (အမျိုးသား) | ၂၈,၀၂၇ | ၂၁,၁၂၄ | ၇၅.၃၇ % |
| ပဲခူး-၄ (အမျိုးသား) | ၃၂၀,၃၃၈ | ၁၂၉,၁၈၇ | ၄၀.၃၃ % |
| ရန်ကုန်-၆ (အမျိုးသား) | ၃၄၃,၆၀၀ | ၉၃,၂၇၉ | ၂၇.၁၅ % |
| ဖရူဆို-၁ (ပြည်နယ်) | ၉,၅၇၀ | ၆,၇၁၀ | ၇၀.၁၁ % |
| ညောင်ရွှေ-၁ (ပြည်နယ်) | ၆၂,၇၀၅ | ၃၅,၀၇၇ | ၅၅.၉၄ % |
| ကျိုင်းတုံ-၂ (ပြည်နယ်) | ၅၆,၁၃၆ | ၂၂,၇၆၂ | ၄၀.၅၅ % |
| မိုင်းရှူး-၁ (ပြည်နယ်) | ၂၄,၀၀၈ | ၁၀,၇၆၅ | ၄၄.၈၄ % |
| မိုင်းရှူး-၂ (ပြည်နယ်) | ၁၉,၉၅၆ | ၁၀,၃၄၄ | ၅၁.၈၃ % |
| ကျေးသီး-၁ (ပြည်နယ်) | ၂၅,၇၈၂ | ၁၃,၄၀၆ | ၅၂.၀၀ % |
| ကျေးသီး-၂ (ပြည်နယ်) | ၂၇,၆၆၉ | ၁၁,၈၃၆ | ၄၂.၇၈ % |


လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီ ၉၅ ပါတီ ရှိပြီး ၂၀၁၅ ခုနှစ် နောက်ပိုင်းမှတ်ပုံတင်တဲ့ပါတီ ၉ ပါတီရှိတယ်လို့ သိရပါတယ်။ အဲဒီပါတီတွေထဲကမှ ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ နိုင်ငံရေးပါတီ ၂၄ ပါတီက ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းထားပြီး အဲဒီထဲမှာ လက်ရှိအာဏာရပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ စာရင်းတင်သွင်းထားပါတယ်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကတော့ လစ်လပ်မဲဆန္ဒနယ် ၁၀ နေရာအတွက်သာ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းထားတယ်လို့ သိရပါတယ်။


**ဆန္ဒမဲပေးမှု အခြေအနေ**

ပြည်သူ့လွှတ်တော် (၉ နေရာ)
မဲပေးပိုင်ခွင့်ရှိသူ · ၁,၂၁၂,၄၀၀ ဦး
မဲပေးသူ · ၄၃၀,၄၁၉ ဦး
(၃၅ ဒသမ ၅၀ ရာခိုင်နှုန်းသာ မဲပေးခဲ့)
NLD ၅ နေရာ၊ SNLD ၂ နေရာ၊ USDP နှင့် ANP တို့ ၁ နေရာစီနိုင်ခဲ့။

အမျိုးသားလွှတ်တော် (၃ နေရာ)
မဲပေးပိုင်ခွင့်ရှိသူ · ၆၉၉,၉၆၅ ဦး
မဲပေးသူ · ၂၄၃,၅၉၀ ဦး
(၃၄ ဒသမ ၈၀ ရာခိုင်နှုန်းသာ မဲပေးခဲ့)
၃ နေရာစလုံး NLD နိုင်ခဲ့။

ပြည်နယ်လွှတ်တော် (၇ နေရာ)
မဲပေးပိုင်ခွင့်ရှိသူ · ၂၂၆,၁၅၃ ဦး
မဲပေးသူ · ၁၁၀,၉၀၀ ဦး
(၄၉ ဒသမ ၀၃ ရာခိုင်နှုန်းသာ မဲပေးခဲ့)
SNLD ၄ နေရာ၊ NLD ၊ USDP နှင့် ANDP တို့ ၁ နေရာစီနိုင်ခဲ့။




ကြားဖြတ်ရွေးကောက်ပွဲအတွက် မြစ်ကြီးနားမြို့နယ်မှာ မဲပေးခွင့်ရှိသူ နှစ်သိန်းကျော် ရှိပါတယ်။ ဒါပေမယ့် ၂၀၁၂ နဲ့ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွေ့အကြုံတွေအရ မဲပေးသူများဟာ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ထက်ဝက်ခန့်တောင် လာရောက်မဲပေးသူ မရှိတာပါပဲ။

၂၀၁၇ တုန်းကကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာတော့ ကချင်ပြည်နယ်က မြို့နယ်တွေတစ်ခု မှ မပါဝင်ခဲ့ပါဘူး။ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်

စာ - ၈ သို့ »

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)
BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊ လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊
အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊
ဂျာစင်မိုင်(Ann)၊
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊
တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်၏
တာဝန်ရှိသူများဖြစ်သည်။
မြစ်ကြီးနားသတင်းဂျာနယ်တွင်
ဖော်ပြပါရှိသော သတင်းများအတွက်
ငွေကြေးသော်လည်းကောင်း၊
တံစိုးလက်ဆောင်သော်လည်းကောင်း၊
လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ
မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။
မြစ်ကြီးနားသတင်းဂျာနယ်
ရင်ထိုးတပ်ဆင်ထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်
သတင်းထောက်ဖြစ်ပါသည်။

# ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေး မသွားရောက်သင့်ဟု ပြည်နယ်အစိုးရ သတိပေးထားသည့် ရွာ ၄ ရွာ

အောက်တိုဘာ ၁၈

မြစ်ကြီးနားမြို့နယ် အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့် ခွင့်ပြုပေးရန်မသင့်သည့်နေရာ ၄ နေရာရှိကြောင်း မြစ်ကြီးနားခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ယင်းနေရာများသည် နယ်မြေလုံခြုံရေးအခြေအနေအရ လွှတ်တော် ကိုယ်စားလှယ်လောင်းများအတွက် အန္တရာယ် ဖြစ်နိုင်သည်ဟုဆိုကာ ခွင့်ပြုရန်မသင့်ကြောင်း ပြည်နယ်အစိုးရမှ ညွှန်ကြားထားသည်ဟု ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် ဦးမြတ်ခိုင်က ပြောသည်။

သွားရောက်မဲဆွယ်ရန် မသင့်ဟု ပြည်နယ်အစိုးရက သတိပေးထားသည့်နေရာများမှာ မြစ်ကြီးနားမြို့နယ် လက်အောက်ရှိ တီယန်ဇွပ်ကျေးရွာ၊ အင်ဂျစ်ယန် ကျေးရွာ၊ ဝိုင်းလုံကျေးရွာ(ဆင်ဘိုမြို့နယ်ခွဲ)၊ ဟိုကပ်ကျေးရွာ(တာလောကြီးအုပ်စု)တို့ဖြစ်ကြောင်း ဦးမြတ်ခိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

သွားခွင့်ပိတ်ပင်ထားခြင်း မဟုတ်ဘဲ သွားရန်မသင့်ဟုသာ သတိပေးထားခြင်းဖြစ်ပြီး ကိုယ်စားလှယ်လောင်းများအနေဖြင့် ဆန္ဒရှိ၍သွားရောက်မည်ဆိုလျှင်လည်းသွားရောက်နိုင်သည်ဟု မြစ်ကြီးနားခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌဦးသန်းဆွေက ပြောသည်။

“သွားဖို့မသင့်ဘူး၊ သွားမယ်ဆိုရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ကိုယ် ဘာပဲဖြစ်ဖြစ်သွားမယ်ဆိုရင် ကိုယ်ဖြစ်ကိုယ်ခံပဲ။ အဲလို သက်ရောက်သွားမှာပေါ့။ မင်းတို့ စွန့်စားလို့သွားရဲရင် သွားကြပေါ့၊ သတိပေးထားတဲ့ကြားထဲက ဖြစ်လာရင်တော့ ကိုယ်ဖြစ်ကိုယ်ခံပဲ။ မသွားရဘူးလို့ ကော်မရှင်ကတော့မပြောဘူး။ ကိုယ့်ဟာကိုယ် ချင့်ချိန်ပေါ့။ တစ်ခုခု အန္တရာယ်ဖြစ်မှာစိုးလို့”ဟု ဦးသန်းဆွေက ပြောသည်။

ထိုသို့ သတိပေးထားသော်လည်း ကြားဖြတ်ရွေးကောက်ပွဲကာလရောက်သည့်အခါ ထိုဒေသများတွင် မဲရုံများဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းနှင့် လတ်တလောတွင် ဖျက်သိမ်းထားသည့် မဲရုံမရှိသေးကြောင်းလည်း ဥက္ကဋ္ဌက ထပ်မံပြောဆိုသည်။



“အခုလောလောဆယ်ကတော့ မဲရုံတွေ ဖျက်သိမ်းထားတဲ့နေရာ မရှိသေးဘူး။ မဲရုံတွေကတော့ ဖွင့်မှာပဲ။ အဲ့ဒီမှာလည်းအကုန်လုံး အခုကြေညာထားတဲ့ လေးနေရာမှာလည်း မဲရုံကတော့ဖွင့်မှာပဲ။ လူတွေလည်း မဲပေးပိုင်ခွင့်ရှိတယ်။ အစုအဝေးနဲ့ မဲဆွယ်တာတို့ဘာတို့တော့ တချို့ပါတီတွေရှိချင်မှရှိမယ်။ NLD ပါတီကတော့ ဆင်ဘိုတော့ ရောက်သွားပြီ။ ကြံ့ခိုင်ရေးလည်း သွားဖို့ရှိတယ် ပြောတာပဲ”ဟု ဦးသန်းဆွေက ပြောသည်။

ထို့အပြင် မြစ်ကြီးနားမြို့ပေါ်တွင် လိုအပ်ချက်အရဟုဆိုကာ မဲဆွယ်ခွင့်ကန့်သတ်ထားသည့် လမ်းနှင့်နေရာများလည်း ရှိသေးသည်။ ထိုနေရာများမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး (ရုံးကြီးလမ်း)၊ ဝန်ကြီးများအိမ်ယာ (အောင်ဆန်းလမ်း)၊ ပြည်သူ့ဆေးရုံကြီး (ဆွမ်ပရာဘွမ်လမ်း)၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (ပြည်ထောင်စုလမ်းမကြီး) တို့ဖြစ်ပြီး ထိုနေရာများတွင် သွားရောက်မဲဆွယ်ခြင်းမပြုရန် ပြည်နယ်အစိုးရက ညွှန်ကြားထားကြောင်းလည်း မြစ်ကြီးနားခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အဖွဲ့ဝင်ဦးမြတ်ခိုင်ထံမှ သိရသည်။

၂၀၁၈ ခုနှစ် မြစ်ကြီးနားမြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အတွက် မဲပေးပိုင်ခွင့်ရှိသည့်မဲဆန္ဒရှင် ၂၀၃၆၁၉ ဦးရှိပြီး မဲရုံပေါင်း ၁၁၄ ရုံရှိမည်ဖြစ်သည်။

ထိုရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသူ ကိုယ်စားလှယ်လောင်း ၆ ဦးရှိသည်။ အဆိုပါ ကိုယ်စားလှယ် ၆ ဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ယမ်ခေါန်၊ ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီ ပါတီမှ ဒေါ်MDခေါ်ညွယ်၊ တစ်သီးပုဂ္ဂလအနေဖြင့် ဒေါက်တာသန်းထိုက်ဦး၊ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီမှ ဒေါ်ခင်အုန်း၊ ကချင်ဒီမိုကရက်တစ်ပါတီမှ ဦးအောင်ခမ်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးဆီဟူးဒွေ့တို့ ဖြစ်သည်။

မဲဆွယ်စည်းရုံးရေးကာလမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်နေ့မှစတင်ပြီး နိုဝင်ဘာ ၁ ရက်နေ့အထိ မဲဆွယ်စည်းရုံးရေးကာလ ရက်ပေါင်း ၆၀ ခွင့်ပြုထားသည်။ ယခင်က ယခုလစ်လပ်နေသည့် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) နေရာအတွက် NLD ပါတီမှ ဒေါ်ရှီလာနန်တောင်ကို ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် တင်မြှောက်ခဲ့ရာ ၎င်းသည် ဇန်နဝါရီ ၃၁ ရက်နေ့က နေပြည်တော်ဆေးရုံကြီးတွင် ကွယ်လွန်သွားသဖြင့် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်ကာ အသစ်ထပ်မံ ရွေးချယ်တင်မြှောက်မည် ဖြစ်သည်။

Salai

# NCA လက်မှတ်ထိုးထားသည့်အဖွဲ့များ သီးသန့်တွေ့ဆုံမှုအပြီးသဘောထားထုတ်ပြန်

အောက်တိုဘာ ၁၈

နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်တွင် အောက်တိုဘာ ၁၅ ရက် နှင့် ၁၆ ရက်တို့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံရုံးက အောက်တိုဘာ ၁၆ ရက်နေ့တွင် သဘောတူကြေညာချက် ထုတ်ပြန်ခဲ့သည်။

အောက်တိုဘာ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် ကနဦးအဖွဲ့တို့ ၃ နှစ်ပြည့်မြောက်ခဲ့သည့်နေ့ဖြစ်၍ ပုံမှန်ကျင်းပနေသည့် အခမ်းအနားမျိုး မပြုလုပ်ဘဲ ငြိမ်းချမ်းရေးအတွက် အနှစ်သာရအကျိုးရလဒ် ရရှိထွက်ပေါ်နိုင်မည့် ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်ဟု ထုတ်ပြန်ကြေညာချက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ သီးသန့်အစည်းအဝေးတွင် အချက် ၇ ချက်ကို သဘောတူညီခဲ့ကြသည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုအချက်များမှာ (က) ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်ပါ ၂၀၂၀ ပြည့်နှစ်မတိုင်မီ ကျင်းပရန် မျှော်မှန်းထားသည့် ညီလာခံ ၃ ကြိမ်တွင် အရေးကြီးသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရေးအတွက် လိုအပ်သည့် အချိန်ဇယားနှင့် ဦးစားပေး လုပ်ငန်းစဉ်များ။ (ခ) နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူမှုရရှိရန် လိုအပ်သည့် ကိစ္စရပ်များအား ဖြေရှင်းကျော်လွှားနိုင်ရေး။ (ဂ) လက်ရှိ နိုင်ငံရေးဆွေးနွေးမှုပုံစံကို ပိုမိုရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ရေး။ (ဃ) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေါင်းဆောင်များအကြား၊ သဘောတူညီချက်များရယူပြီး ယင်းသဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး။ (င) NCA အခန်း ၅ နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း အပိုဒ် ၂၀(ဂ)ပါ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကိုညှိနှိုင်းဆွေးနွေးမှုများ စတင်ပြုလုပ်ရေး။ (စ) NCA လက်မှတ် မထိုးရသေးသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။ (ဆ) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပိုမိုခိုင်မာအောင် ဆောင်ရွက်ရာတွင် NCA ပါ သဘောတူညီချက်များအတိုင်း ဆက်လက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရေးတို့ ဖြစ်သည်။

ထို့အပြင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန် သန္နိဋ္ဌာန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

Salai

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မြစ်ကြီးနားမြို့သို့ လာရောက်

အောက်တိုဘာ ၁၈



မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် အဖွဲ့သည် အောက်တိုဘာလ ၁၈ ရက်နေ့က မြစ်ကြီးနားမြို့သို့ရောက်ရှိလာကာ ကချင်ပြည်နယ်အစိုးရအဖွဲ့များနှင့် တွေ့ဆုံပြီး မြစ်ကြီးနားနှင့် ဝိုင်းမော်ရှိ စစ်ရှောင်စခန်းငါးခုသို့ သွားရောက်ခဲ့သည်။

ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် ဂျော်မဆတ် နှစ်ခြင်းစစ်ရှောင်စခန်း၊ တြီနီတီစစ်ရှောင်စခန်း၊ မိုင်းနား ရိုမန်ကက်သလစ် စစ်ရှောင်စခန်း၊ မိုင်းနားနှစ်ခြင်း စစ်ရှောင်စခန်း၊ ခတ်ချိုစစ်ရှောင်စခန်းများသို့ သွားရောက်ခဲ့ရာ စစ်ရှောင်ပြည်သူများနှင့်တွေ့ဆုံစဉ် သတင်းထောက်များဝင်ခွင့်မပြု၍ စစ်ရှောင်စခန်းတာဝန်ခံများကို ၎င်းတို့ ဆွေးနွေးချက်များ ပြန်လည်မေးမြန်းရာ ထိုတွေ့ဆုံမှုများတွင် စစ်မှန်သည့်ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးရှင်းလင်းကာ ၎င်းအနေနှင့်လည်း မြန်မာပြည်ငြိမ်းချမ်းရေးအတွက် တာဝန်ရှိသူများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း စစ်ရှောင်တာဝန်ခံများက ပြောသည်။

"ဒီလူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး သူတို့ဘက်က ကူညီနိုင်သလောက် အစိုးရနဲ့လက်တွဲပြီးမှ လုပ်ဆောင်သွားဖို့ ရှင်းလင်းပြောပြခဲ့တယ်"ဟု နောင်နန်းဆယ်မိုင်ရှိဂျော်မဆတ်နှစ်ခြင်းစစ်ရှောင်စခန်းမှ ဆရာဇော်ရတ်က ပြောသည်။

Ms. Burgener က လိုအပ်မှုများကို ဖြည့်စွက်ပေးရန် နောက်ထပ် ပြန်လာဦးမည်ဟု ပြောကြားသွားကြောင်း၊ ငြိမ်းချမ်းရေးအတွက်ကြိုးစားကူညီသွားမည်ဟုလည်း ပြောကြားသွားကြောင်း မိုင်းနားနှစ်ခြင်းစခန်းတာဝန်ခံ ဦးမရန်ဇော်လုံးက ပြောသည်။

"နောက် လိုအပ်တဲ့ဟာတွေ အသေးစိတ်ပြန်လည်ဖြည့်စွက်ပေးဖို့ နောက်ပြန်လာဦးမယ်တဲ့။ အခုလာတာက ပဏာမလာတွေ့တာ ဖြစ်တယ်။ ဒီတစ်ကြိမ်ပဲ လာတာမဟုတ်ဘူး၊ နောက်လည်းလာတွေ့ဦးမယ်။ ဒီ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ သူတို့ရဲ့ကိုယ်စားလှယ်နဲ့လည်း သူကိုယ်တိုင်မလာနိုင်ရင်လည်း ဆက်သွယ်ပြီးမှ ကျွန်တော်တို့လိုအပ်တဲ့ဟာကို ဖြည့်စွက်ပေးမယ်။ ကျွန်တော်တို့ လိုအပ်ချက်က ငြိမ်းချမ်းရေးပေါ့။ ငြိမ်းချမ်းရေးကို အမြန်ဆုံး တွန်းပို့ပေးဖို့ ကျွန်တော်တို့က တောင်းဆိုခဲ့တယ်။ သူတို့လည်းကြိုးစားမယ်။ ဖြစ်လာမှာပါလို့ ပြောသွားတယ်"ဟု ပြန်လည်ပြောပြခဲ့သည်။

ထို့အပြင် မိုင်းနားနှစ်ခြင်း စစ်ရှောင်စခန်းတွင် စစ်ရှောင်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ စစ်ရှောင်များ၏ လိုအပ်ချက်များကို မေးမြန်းခဲ့သည်ဟုဆိုသည်။

"စိတ်ကတော့ ကိုယ့်နေရပ်ကိုပဲ ပြန်ချင်ကြတယ် ပြန်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေး ဆိုတဲ့ဟာကိုတော့ အားလုံးက စိတ်မပါဘူး၊ အားလုံးက မသွားရဲ မလာရဲ၊ ကိုယ့်ရပ်ကိုယ်ရွာ ကိုယ့်ဒေသမှာဖွံ့ဖြိုးရေးအနေနဲ့ ကျွန်တော်တို့ကို အဲ့ဒီမှာပဲ နယ်မြေလုံခြုံရေးပေး နောက်ပြီး ကျွန်တော်တို့ လိုအပ်တဲ့လုပ်ကွင်း လုပ်ကွက်ပေါ့ မြေယာအိမ်ယာတွေကိုကျွန်တော်တို့ကိုပြန်ပြီးရရှိဖို့ ဖန်တီးပေးတယ်ဆိုရင်တော့ ကျွန်တော်တို့ နက်ဖြန်ပြန်မယ် ပြန်မယ်ဆိုတာချည်းပဲပြောကြတယ်"ဟု ဦးမရန်ဇော်လုံးက ဆက်ပြောသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံရာတွင်လည်း ငြိမ်းချမ်းရေးနှင့် ပတ်သက်သည်များကို အဓိကထား ဆွေးနွေးခဲ့ကြောင်း လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က တွေ့ဆုံပွဲအပြီး မီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။

"အဓိကတော့ Peace Process ပါပဲ။ Peace Process မှာ State Level က လုပ်နေတာလေးတွေ ဆွေးနွေးကြတယ်။ State Level မဟုတ်ပဲ ကချင်ပြည်နယ်အနေနဲ့ ဆွေးနွေးတဲ့အထဲတော့ ထဲထဲဝင်ဝင် ပါမလာသေးဘူး၊ နှစ်ဖက်စလုံး ဆွေးနွေးသွားတာက စိတ်ရှည်ရမယ်။ သည်းခံရမယ်၊ အချိန်စောင့်ရမယ်ပေါ့"ဟု ဒေါက်တာသင်းလွင်က ပြောသည်။

တွေ့ဆုံပွဲတွင် Ms. Burgener အဖွဲ့ဝင်များနှင့်အတူ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင် အစရှိသည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်းသိရသည်။

စည်သူ(မြစ်ကြီးနား)/ Ah Je

## Editorial
## အယ်ဒီတာ့အာဘော်

### ကြားဖြတ်ရွေးကောက်ပွဲမှာ NLD အနိုင်ရမလား

ကြားဖြတ်ရွေးကောက်ပွဲက နောက်တစ်ပတ်ဆို ရောက်ပါတော့မယ်။ ပါတီကြီးတွေအနေနဲ့ တိုင်းရင်းသားဒေသမှာရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို လျှော့မတွက်ရဲကြလို့ သူ့ထက်ငါ အပြိုင် မဲဆွယ်စည်းရုံးမှုတွေ ဆောင်ရွက်နေကြပါပြီ။ မြစ်ကြီးနားမှာ ပါတီကြီးတွေနိုင်နိုင်ဖို့က မရေရာသေးပါဘူး။

အစိုးရသက်တမ်း နှစ်နှစ်ခွဲအတွင်းမှာ အာဏာရပါတီက မြစ်ကြီးနားတစ်မြို့လုံးကို လမ်းများချဲ့ထွင်တာတွေကို စေတနာပါပါ လုပ်ကိုင်ခဲ့တာ တစ်မြို့လုံးသိပါတယ်။ ယခင်ကာလတွေတုန်းက ပြည်နယ်အဆင့် တာဝန်ရှိသူတွေသာ ချမ်းသာသွားပြီး မြို့ကြီးက စုတ်ပြတ်နေခဲ့တာတွေ တသက်လုံးမြင်တွေ့နေရတော့ အန်အယ်လ်ဒီရဲ့ လုပ်ဆောင်ချက်တွေက ပေါ်ပေါ်လွင်လွင်ဖြစ်နေပါတယ်။ လမ်းနဲ့မလွတ်တဲ့ အိမ်တွေကိုဖျက်ပြီး လေးလမ်းသွား၊ ခြောက်လမ်းသွား နိုင်လွန်ကတ္တရာလမ်းတွေဖြစ်အောင် ဆောင်ရွက်ခဲ့တဲ့အတွက် ကျေးဇူးတင်တဲ့သူတွေက တင်နေကြပါတယ်။

သို့ပေမယ့် လွှတ်တော်ကို ကျော်ပြီးလုပ်သွားတဲ့ ဝန်ကြီးတွေရဲ့ လာဘ်လာဘမကင်းမှုက ရုတ်တရက်ပေါ်ထွက်လာတော့ ကချင်ပြည်နယ်သားတွေကို ပါတီကြီးအပေါ် အာရုံလျော့ကျစေဖို့ဖြစ်လာခဲ့ပါတယ်။ ရွေးကောက်ပွဲဝင်မယ့် ၁၃ နေရာအတွက်ဆိုရင်လည်း အဲန်အယ်လ်ဒီတို့ အနိုင်ရရေးက စိန်ခေါ်မှုကြီးမားနေပါသေးတယ်။

လွှတ်တော်တွေမှာ ပြည်သူတွေ ဆွေးနွေးစေချင်တဲ့၊ သူတို့ကိုယ်တိုင်လည်း ကတိတွေပေးထားတဲ့ အချက်တွေက ဖြစ်မလာခဲ့တော့ တစ်နိုင်ငံလုံးအတိုင်းအတာ မဲရဖို့ လွယ်မယ်မထင်ပါ။ ဒါ့အပြင် သတင်းမီဒီယာတွေကို အရင်အစိုးရလက်ထက်က အယောက် ၄၀ တရားစွဲဆိုခဲ့သလို အန်အယ်ဒီကလည်း ၄၄ ယောက်ကို တရားစွဲဆိုခဲ့တာတွေ၊ ပြည်သူတွေဖျက်သိမ်းစေချင်တဲ့ ဆက်သွယ်ရေးပုဒ်မ - ၆၆ (ဃ) ကို မဖျက်သိမ်းဘဲ ယင်းပုဒ်မနဲ့ တရားစွဲဆိုခဲ့တာ ၁၃၄ မှုရှိခဲ့တယ်ဆိုတဲ့ ထုတ်ပြန်ချက်တွေက အဲန်အယ်လ်ဒီကို အာရုံကျစေမယ့် အကြောင်းတွေများဖြစ်နေမလားဆိုတာ ထည့်တွက်စရာပါ။

အစိုးရအပေါ် ဝေဖန်ပြောဆိုမှုများနဲ့ပတ်သက်လာရင်လည်း နိုင်ငံသားတွေရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေကို အသုံးပြုပြီး တရားစွဲဆိုလာတာတွေရှိခဲ့တော့ သူတို့အပေါ် ထားတဲ့ ပြည်သူ့မျှော်လင့်ချက်တွေက ပြောင်းပြန်ဖြစ်နေခဲ့ပါတယ်။

ဒီမိုကရေစီစနစ်ရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုပင် အစိုးရက အကာအကွယ်မပေးနိုင်လျှင် ပြည်သူလူထု၏ အခြားသော လူ့အခွင့်အရေးဆုံးရှုံးမှုများကို အကာအကွယ်ပေးနိုင်ရန် ပိုမိုခက်ခဲသွားပါလိမ့်မည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖော်ထုတ်ခွင့်ပိတ်ပင်ထားသော်လည်း တပ်မတော် ထောက်ခံပွဲတွေ၊ အစိုးရထောက်ခံ ပွဲတွေကို ခွင့်ပြုပေးခဲ့တာတွေ တပ်မတော်ထောက်ခံပွဲကျင်းပခဲ့တဲ့ ဆူးလေ မဟာဗန္ဓုလပန်းခြံနေရာဟာ ဆန္ဒဖော်ထုတ်ခွင့် ပိတ်ပင်ထားတဲ့ ၁၁ မြို့နယ်မှာ ပါဝင်နေတာပါ။

၎င်းတို့အစိုးရသက်တမ်းအတွင်းငြိမ်းစုစီဥပဒေဖြင့် တက်ကြွလှုပ်ရှားသူ ၁၄၂ ဦးကို တရားစွဲဆိုခံရခြင်း အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲတွင်ပါဝင်ခဲ့သူများ တရားရုံးရှေ့ ဆန္ဒပြသူများအား ထောင်ဒဏ်တစ်နှစ်ခွဲချမှတ်ခံရခြင်း စသည့်ကိစ္စရပ်များကြောင့် အန်အယ်လ်ဒီအစိုးရ၏ ပုံရိပ်မှာ ကျဆင်းနေသည်။

မနှစ်က ကြားဖြတ်ရွေးကောက်ပွဲ ၁၉ နေရာတွင် ၆ နေရာသာ နိုင်ခဲ့သည်။ ယခုကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ပြိုင်မည့် ၁၃ နေရာတွင် မည်မျှနိုင်မည်ဆိုသည်ကို မသိရသေး၊ ထိုနေရာများတွင် အနိုင်မရလျှင် အစိုးရအဖွဲ့မှာ ပျက်သွားမည်မဟုတ်သော်လည်း ဂုဏ်သိက္ခာအရ နေရာတိုင်းအနိုင်ရဖို့ လိုနေကြပါတယ်။

သူတို့ပဲ အောင်မြင်နိုင်မလား၊ တိုင်းရင်းသားပါတီတွေပဲ အောင်နိုင်မလားဆိုတာတော့ ဆက်လက် စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အ.ထ.က (ခွဲ)၊
အာလမ် ကျောင်းတွင် နဝမတန်း တက်ရောက်နေသော
မအားဂူမီး ၏ဖခင်အမည်မှန်မှာ
ဦးဒေါင်ဇော်း (၁/မကန(နိုင်) ၂၄၃၄၉၅)
ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဦးဒေါင်ဇော်း
(၁/မကန(နိုင်) ၂၄၃၄၉၅)

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊
အိမ်အမှတ် (၇/၆၉)တွင်နေထိုင်သော ဦးချစ်ဆိုင်၏
သမီး မခင်လေးဆိုင် အမည်ကို (၂၂.၁၀.၂၀၁၈) ရက်နေ့မှ
စ၍ မနော်လေးလေးချစ် (၉/ပဒန(နိုင်) ၀၀၉၂၈၉)ဟု
ပြောင်းလဲခေါ်ဆိုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

မနော်လေးလေးချစ်
(၉/ပဒန(နိုင်) ၀၀၉၂၈၉)

# ရေလှောင်ကန်ကျိုးပေါက်၍ ပျက်စီးသွားသည့် လယ်များအတွက် ကုမ္ပဏီက ဒေသခံများကို သိန်း၄၀ဆယ်ကျော် လျော်ကြေးပေး

ဝိုင်းမော်၊ အောက်တိုဘာ ၁၅

ဝိုင်းမော်မြို့နယ်၊ မန်ဝင်း ကျေးရွာအုပ်စု၊ ကယောယန် ကျေးရွာမှ တစ်သျှူးငှက်ပျော စိုက်ခင်းအတွင်းရှိ ရေလှောင်ကန် နှစ်ခုကျိုးပေါက်၍ ရေကြီး နစ်မြုပ်သွားခဲ့သည့် ဒေသခံအချို့၏စိုက်ခင်းများကို အောက်တိုဘာလ ၁၃ ရက်တွင် ကုမ္ပဏီက နစ်နာကြေးပေးခဲ့ကြောင်း သိရသည်။

စပါးနှင့် နှစ်ရှည်ပင်စိုက်ခင်းများပျက်စီးသွားသည့် ဒေသခံကိုးဦးအတွက်နစ်နာကြေးငွေစုစုပေါင်း ကျပ် ၅၅ သိန်း ပေးခဲ့ပြီး ပျက်စီးသွားသည့် စိုက်ခင်းနှင့် လယ်ကွင်းများကို မတ်လနှင့် ဧပြီလခန့်တွင် ပြုပြင်ပေးရန် ဒေသခံတောင်သူများက ကုမ္ပဏီတာဝန်ခံထံ တောင်းဆိုထားကြောင်း သိရသည်။

"နောက်တစ်ခါ အဲဒီလို ထပ်မဖြစ်ဖို့နဲ့ ရေကာတာတွေကို အမြင့်ကြီးမဆောက်ဘဲနဲ့ နိမ့်နိမ့်လေးပဲ ဆောက်ပေးဖို့ ပြောထားတယ်။ ပြီးတော့ နောက်တစ်ခေါက် ဒီလိုမျိုး ထပ်ဖြစ်ရင်တော့ ရွာသားတွေရဲ့ ဆုံးဖြတ်ချက်ကို လိုက်နာရမယ်လို့အုပ်ချုပ်ရေးမှူးက ပြောထားပေးတယ်"ဟု ဦးကလော်လုပ်ယိန်းက ပြောသည်။

ကချင်အထူးဒေသ (၁) ချန်းရင်ခူး ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ တစ်သျှူးငှက်ပျောစိုက်ခင်းတွင် ရေပေးဝေရန် ပြုလုပ်ထားသည့် ရေလှောင်ကန် ၁၂ ခုခန့်ရှိသည့် အနက်မှ နှစ်ခုမှာ စက်တင်ဘာလ ၂၄ ရက်နေ့ ညနေ ၆ နာရီခန့်က ကျိုးပေါက်သွားခဲ့သဖြင့် ရေကြီးနစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေလှောင်ကန်များသည် တောင်ကျချောင်းရေကို လွှဲယူထားသည့် ရေများဖြစ်ပြီး ရေသွယ်လှောင်ရာတွင် အခိုင်အမာပြုလုပ်ထားခြင်းမဟုတ်ဘဲ မြေကြီးနှင့် ကျောက်တုံး၊ ကျောက်စရစ်ခဲများဖြင့် ပိတ်ဆို့ထားသည့် ရေလှောင်ကန် ဖြစ်သည့်အတွက် ခိုင်ခံ့မှုမရှိခြင်းကြောင့် မိုးဆက်တိုက်ရွာသွန်းသဖြင့် မြေသားများပျော့ကာ ပြိုကျသွားခြင်းဖြစ်ကြောင်း သိရသည်။

ရေလှောင်ကန် တာပေါင်ကျိုးကျခဲ့သည့်ညက အရှိန်ဖြင့်စီးဆင်းလာသောရေထု၏ရိုက်ခတ်မှုကြောင့် သုံးလသားအရွယ် စပါးပင်များနှင့် စပါးနှံထွက်ခါစစပါးခင်းအချို့အမြစ်မှ ကျွတ်ထွက်သွားခဲ့ပြီး တချို့စပါးခင်းများမှာ ရွှံ့နွံများဖုံးလွှမ်းသွားသည့်အတွက်နောက်နှစ်စပါးစိုက်ပျိုးရန် မလွယ်ကူတော့သည်အထိ ပျက်စီးသွားကြောင်းသိရပြီး စပါးစိုက်ပျိုးထားသည့် လယ်တစ်ဧကခန့်မှာ လုံးဝပျက်စီးသွားပြီး ၄ ဧကခန့်မှာ မြေကြီးနှင့်သဲများ ၄ လက်မခန့် ဖုံးလွှမ်းသွားကာ အချို့ဒေသခံများ၏ ခြံများမှ လိမ္မော်နှင့် စကားဝါကဲ့သို့ နှစ်ရှည်ပင် မျိုးစုံစိုက်ပျိုးထားသောအခင်းများလည်းပျက်စီးသွားကြောင်း သိရသည်။



ယင်း ငှက်ပျောခြံ၏ အောက်ဘက်ပိုင်းတွင် ကယောယန်ကျေးရွာ ရှိသည့်အတွက် ရွာထဲသို့လည်း ခါးအထက်ရင်စို့ခန့်အထိနက်သော ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

"ဒီလောက်ကြီးတဲ့ ရေကန်တွေ လုပ်ထားတာကိုလည်း ရွာသားတွေနဲ့ ဘာမှ တိုင်ပင်ဆွေးနွေးတာမျိုးလည်းမရှိဘဲနဲ့ သူတို့သဘောနဲ့သူတို့လုပ်ထားကြတယ်။ အခုတော့ သူတို့သဘောနဲ့မလုပ်ခိုင်းတော့ဘူး။ လုပ်မယ်ဆိုရင် ခိုင်ခံ့အောင်လုပ်"ဟု ဦးဘွမ်ခရမ်းတူးက ပြောသည်။

ယခုအကြိမ်တွင် ရေလှောင်ကန်နှစ်ကန်သာ ကျိုးပေါက်ခဲ့၍ တော်သေးသည်ဟုလည်း ရွာသားများကပြောဆိုနေကြပြီး ၎င်းတို့ငှက်ပျောခြံအတွင်းရှိရေလှောင်ကန် ၁၂ ကန်လုံးကျိုးပေါက်သွားခဲ့ပါက ဆုံးရှုံးမှုသည် အခုထက် ၁၀ ဆခန့် ပိုမိုဖြစ်ပွားနိုင်ပြီး ဒေသခံများ၏ အသက်ကိုပါ အန္တရာယ်ပေးလာနိုင်သည့်အတွက် ရေကန်များကို အမြင့်ကြီး မဆောက်ကြရန် ကုမ္ပဏီတာဝန်ခံကို ဒေသခံများက သတိပေးပြောဆိုထားကြောင်း သိရသည်။

မွန်းမွန်းပန်

# မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့သည့် မလိယန်ရွာတွင် တရုတ်ကုမ္ပဏီက ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သည့် အမေးအဖြေများ ပြုလုပ်

အောက်တိုဘာ ၁၄

မြစ်ဆုံဆည် စီမံကိန်းကြောင့် ပြောင်းရွှေ့နေထိုင်သည့် မြစ်ကြီးနားမြို့နယ် မလိယန်ကျေးရွာတွင် တရုတ် (SPIC) ကုမ္ပဏီက ရွာသားများကို "ဧရာဝတီမြစ်ဆုံ-မြစ်ညာ၊ မြစ်ဝှမ်းရေအားလျှပ်စစ် ဖော်ထုတ်အသုံးပြုမှု မေးခွန်းများ"ဆိုသည် စာအုပ်ပေးထားပြီး ထိုစာအုပ်ပါ အကြောင်းအရာများကို အောက်တိုဘာလ ၁၃ ရက်နေ့က နှုတ်ဖြေမေးခွန်းများ မေးမြန်းကာ ဆုရသူများကို တန်ဖိုးကြီးဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုနေ့က အုပ်ချုပ်ရေးမှူးရုံးတွင် တရုတ်(SPIC)မှ တာဝန်ရှိသူ ၆ ဦးရောက်ရှိလာကာ ရွာသား ၁၄ ယောက်ကို တစ်ဦးလျှင် မေးခွန်း ၅ ခု မေးမြန်းကာ ၎င်းစာအုပ်ထဲမှ စိတ်ကြိုက်မေးခွန်းများကိုလည်း မေးမြန်းခဲ့ကြောင်း သိရသည်။

"မေးခွန်းတွေက ရေအားလျှပ်စစ်နဲ့ ပတ်သက်ပြီးမေးတယ်။ ဘယ်နိုင်ငံမှာ ရေအားလျှပ်စစ် ပထမဆုံး စတင်လုပ်ဆောင်တယ်၊ မြန်မာနိုင်ငံမှာ လက်ရှိ ရေအားလျှပ်စစ်အကြီးဆုံး ဘယ်မြို့မှာရှိတယ်၊ ဘာရေအားလျှပ် စစ်လဲ၊ ပြီးတော့ မြစ်ဆုံနဲ့ ပတ်သက်ပြီးတော့လည်း မြစ်ဆုံရေအားလျှပ်စစ်မှာ စီမံကိန်းဘယ်လောက်ပါသလဲ၊ မြစ်ဆုံမှာ လျှပ်စစ်ဓာတ်အား ဘယ်လောက်ရှိတယ်၊ အမြင့်ပေ ဘယ်လောက်၊ အောက်ခြေအုတ်မြစ်မှာ ဘယ်လောက်ကျယ်တယ်ဆိုတာတွေ ပြီးတော့ မြစ်ဆုံရေကာတာလုပ်ရင် ရေအဝင်အဆုံ့မီတာ ဘယ်လောက်ရှိတယ်၊ ဆိုတာတွေကို မေးတယ်"ဟု မေးခွန်းသွားဖြေခဲ့သူ မလိယန်ရွာသားတစ်ဦးက ပြောသည်။

ထို့အပြင် မြစ်ဆုံရေကာတာ ရေအားလျှပ်စစ်ပြုလုပ်လျှင် ပတ်ဝန်းကျင်ကို ထိန်းသိမ်းရမည့် အချက် ၁၃ ချက်လည်း ပါဝင်ကြောင်း သိရသည်။

ထိုဖြေဆိုပွဲတွင် ပထမဆုအဖြစ် canda မော်တော်ဆိုင်ကယ်၊ ဒုတိယဆုအဖြစ် Glacier ရေခဲသေတ္တာ၊ တတိယဆုအဖြစ် Huawei ဖုန်း၊ နှစ်သိမ့်ဆုအဖြစ် လျှပ်စစ်မီးပူတို့ပေးအပ်သွားမည်ဖြစ်ရာ ထိုဆုများကို နိုဝင်ဘာလတွင် ပေးအပ်မည်ဖြစ်ကြောင်း ဆုရရှိခဲ့သည့် အမည်မဖော်လိုသူတစ်ဦးက ပြောသည်။

"သူတို့လုပ်တဲ့နည်းက ရွာသားတွေကို စည်းရုံးတဲ့နည်းဖြစ်တာပေ့ါနော၊ ဘယ်နေရာတွေမှာလည်း ဒီလိုမျိုး မလုပ်ဘူးလေ. . . အဓိကက ဒီစီမံကိန်းကို ကန့်ကွက်တာက ရွာသားတွေပဲလို့ ထင်တာလားတော့မသိဘူးပေ့ါ။ ဒေသခံတွေက ဒီမေးခွန်းတွေသွားဖြေတာ သိပ်မရှိဘူးလေ. . .။ ကျွန်တော်ကတော့ အခုလိုပါဝင်တာက သူတို့တွေ မေးခွန်းတွေကို ဘယ်လိုမေးလာမှာလဲပေ့ါ ဒါကိုသိချင်လို့ သွားဖြေတာ"ဟု ထိုသူက ပြောသည်။



မလိယန်ကျောင်းမှ အလယ်တန်းကျောင်းသူကျောင်းသားများလည်း ဖြေဆိုထားပြီး ထို ကျောင်းသူ/သားများကိုလည်း နိုဝင်ဘာလတွင်မှ ဆုများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ထိုမေးခွန်းများပါသည့် စာအုပ်ကို မြစ်ဆုံစီမံကိန်းကြောင့် ရွှေ့ပြောင်းခံရသည့် ကျေးရွာများဖြစ်သော မလိယန်ကျေးရွာအပြင် အောင်မြင်သာကျေးရွာတွင်လည်း ပေးထားကြောင်း ဒေသခံများထံမှ သိရသည်။

Ah Je



**တုတ်ထိုး** - မင်္ဂလာပါ ကိုအိုးပေါက်ရေ။
**အိုးပေါက်** - . . . . . ။

**တုတ်ထိုး** - နေမကောင်းဘူးလားဗျ။
**အိုးပေါက်** - . . . . . ။

**တုတ်ထိုး** - အောင်မယ် ၂၀၂၀ မှာ အမတ်လောင်းအဖြစ် ဝင်ပြိုင်မယ်ဆိုပြီး ကြိုတင်မာနကြီးနေတာလား။
**အိုးပေါက်** - . . . . . ။

**တုတ်ထိုး** - သိပြီ။ မဒမ်အိုးပေါက် မကြည်ညိုလို့ အိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းခဲ့ရပုံပေါက်တယ်။
**အိုးပေါက်** - . . . . . ။

**တုတ်ထိုး** - သိပြီ။ လွှတ်တော်အမတ်အဖြစ် ဝင်ပြိုင်ဖို့ သတ်မှတ်ပေးသွင်းတဲ့ ငွေကြေးကို သွင်း။ ပြီးတော့ အမတ်ဖြစ်ရင် ဘယ်လို 'ခွင်'တွေ ရိုက်ရမယ်ဆိုတာ အကြံထုတ်နေတာ မဟုတ်လား။
**အိုးပေါက်** - . . . . ။

**တုတ်ထိုး** - သိပြီ ။ အမတ်ဖြစ်ရင် ကိုယ့်ဆွေမျိုးကိုယ့်အသိုင်းအဝိုင်းကို လုပ်ပိုင်ခွင့်တွေ၊ အခွင့်အရေးတွေ ပေးပြီး နောက်ကွယ်ကနေ ကြိုးကိုင်ဖို့ အကြံထုတ်နေတာ မဟုတ်လား။
**အိုးပေါက်** - . . . . . ။

**တုတ်ထိုး** - သိပြီ။ တတိယပါတီ အမြန်ပေါ်ပေါက်ပါစေလို့ ဆုတောင်းနေတာ မဟုတ်လား။
**အိုးပေါက်** - ခင်ဗျားရဲ့ ပေါက်လွတ်ပဲစား ပါးစပ်ကြီးကို ခဏလေးဖြစ်ဖြစ် ပိတ်ထားလို့မရဘူးလား။ ကျုပ်ဖြင့် နိုင်ငံရေးစကားတွေ ဘာတွေ သိပ်မပြောချင်ဘူး။ အဲ့ဒါကြောင့် ဘာမှမပြောဘဲ တိတ်တိတ်လေး ထိုင်နေတာ။

**တုတ်ထိုး** - ဗျာ။ ဘာဖြစ်လို့တုန်း။
**အိုးပေါက်** - တော်ကြာ အကြည်ညိုပျက်စေမှုနဲ့ပုဒ်မ၅၀၅ (ခ)မိပြီး အာမခံမရဘဲဖြစ်သွားမယ်။ ဒါကြောင့် ကျုပ် ဘာမှမပြောချင်ဘူး။ ဒါကြောင့် ညတိုင်း ကြည်ညိုပါတယ်ဆိုပြီး မေတ္တာပို့အိပ်နေရတာ။

**တုတ်ထိုး** - ဒါဆို "ကြည်ညိုကြသူများ"ဆိုပြီး တစ်ပါတီထောင်လိုက်ပါ့လားဗျ။
**အိုးပေါက်** - စကားဆိုတာ ပေါက်လွတ်ပဲစား မပြောရဘူးဆိုတာ မသိဘူးလား။

**တုတ်ထိုး** - ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - ခုနက ခင်ဗျားပြောတဲ့ "ကြည်ညိုကြသူများပါတီ" ထောင်လိုက်ရင် မကောင်းဘူးလား။

**တုတ်ထိုး** - အောင်မယ်၊ တကယ်ကြီးပါလား။
**အိုးပေါက်** - ပါတီထောင်တဲ့အခါ ပါတီလိုဂို(Logo) တောင် စဉ်းစားမိပြီ။ သတ္တဝါကောင်လေးတွေကို စိတ်ကြိုက်ရွေးချယ်ပြီး တံဆိပ်လုပ်မယ်။

**တုတ်ထိုး** - ဘယ်လိုများပါလိမ့်။
**အိုးပေါက်** - ကြံ့သိတယ်မဟုတ်လား။ ပြီးတော့ ဖွတ်တစ်ကောင်ပုံ သုံးမယ်။ ဖွတ်နဲ့ကြံ့ ရေကူးနေတဲ့ပုံ သုံးမယ်။

**တုတ်ထိုး** - ဗျာ။ ဘယ်လို ဘယ်လို ဘယ်လို။
**အိုးပေါက်** - ကြံ့အကောင်ပုံရိပ်ဆိုတာ တိုင်းပြည်ကြီး စည်းလုံးညီညွတ်ခြင်း၊ ပြည်သူပြည်သားအပေါင်း ကြံ့ခိုင်ကျန်းမာပြည့်ချမ်းသာခြင်း ဆိုတဲ့ အတိတ်သဘောင်ပေါ့ဗျာ။

**တုတ်ထိုး** - ကျုပ်တော့ ကြံ့ဆိုတဲ့သတ္တဝါကို သဘောမကျပေါင်ဗျာ။ ကြံ့ဆိုတာက ပါးစပ်ကလည်း အထူကြီး အကြီးကြီး။ ဗိုက်ကြီးကလည်း အရေခွံ့ အထူကြီး။ ပြီးတော့ ဘာတွေဘယ်လောက်စားထားဝါးထားသလဲမသိဘူး။ ဗိုက်ကြီးကလည်း ရွှဲလို့။ အာပုပ်စော်ကလည်း နံသေး။ ကျုပ်ဖြင့် သဘောမကျပေါင်။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ဒါနဲ့ ဖွတ်ရေကူးနေတဲ့ပုံပါထည့်ချင်တယ်ဆိုတာ ဘာအဓိပ္ပါယ်လဲဗျာ။
**အိုးပေါက်** - ဒါလည်း အတိတ်နိမိတ်ကောင်းနဲ့ဗျာ။

**တုတ်ထိုး** - ဗျာ။
**အိုးပေါက်** - ဖွတ်ကျောပြာစုဖြစ်နေတဲ့ ပြည်သူတွေရဲ့ဘဝကို ကယ်တင်မယ်။ ဖွတ်မင်းက ဧရာဝတီမြစ်ကိုလည်း စောင့်ရှောက်မယ်။ ပြည်သူပြည်သားအပေါင်း ရေလိုအေးချမ်းသာယာစေရမယ်ဆိုတဲ့ အတိတ်နိမိတ်ပေ့ါဗျာ။

**တုတ်ထိုး** - ကျုပ်ဖြင့် ဖွတ်ကိုလည်း သဘောမကျပေါင်ဗျာ။
**အိုးပေါက်** - ဘာဖြစ်လို့။

**တုတ်ထိုး** - "ဖွတ် မိကျောင်းဖြစ် မြစ်မချမ်းသာ"ဆိုတဲ့ စကားပုံလည်း ရှိတယ်မဟုတ်လား။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** -ပြီးတော့ဖွတ်နဲ့ကြံ့ ပေါင်းထားလိုက်ရင် ဘယ်လိုတွေ ဖြစ်ကုန်မယ် မသိတော့ပါဘူး။ ဒီတော့ ခင်ဗျားရဲ့ "ကြည်ညိုကြသူများပါတီ" ကိုလည်း မထောင်ပါနဲ့တော့ ခင်ဗျာ။ ဖွတ်နဲ့ကြံ့ပေါင်းထားတဲ့ ခင်ဗျားရဲ့ "ကြည်ညိုကြသူများပါတီ"ကြီးနဲ့ တိုင်းပြည်ကြီးကို ကယ်တင်မယ်ဆိုတဲ့ စိတ်ကူးကြီးကိုလည်း အကောင်အထည်မဖော်လိုက်ပါနဲ့ဗျာ။ အဲ့ဒါဆိုရင် အခုလက်ရှိဖြစ်နေတဲ့ ဒုက္ခသုခတွေကို ပျော်ပျော်ကြီး ခံစားကျော်ဖြတ်သွားနိုင်ကြမှာပါ။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ကဲပါဗျာ။ ခင်ဗျားစိတ်တွေမပျော် ဖြစ်နေလို့ ပေါက်လွတ်ပဲစား ပြောနေတာပါဗျာ။ ဒါနဲ့ နေပါဦး။ ခင်ဗျားဟိုသတင်း ကြားပြီးပြီလား။
**အိုးပေါက်** - ဘယ်သတင်းပါလိမ့်။

**တုတ်ထိုး** - NLD အစိုးရ နုတ်ထွက်ပေးရေး နိုင်ငံရေးပါတီ ၂၇ ခုက တောင်းဆိုတယ်ဆိုပြီး လူမှုကွန်ရက်မှာ သတင်းတုလွှင့်ခဲ့တဲ့သူကို ၆၆(ဃ)နဲ့ အမှုဖွင့်ထားတယ်ဆိုတဲ့ သတင်းလေ။ Naing Ko Zin နဲ့ Mg Mg Kyaing ဆိုတဲ့ facebook account နှစ်ခုက ဘယ်သူဘယ်ဝါလဲ ဆိုတာတော့ မသိသေးဘူး။
**အိုးပေါက်** - ဒါမျိုး သတင်းတွေဟာ ရွေးကောက်ပွဲနီးလာတာနဲ့အမျှ ကြုံတွေ့ကြရဦးမယ်။ ဟိုဘက် ဒီဘက် လော်ဘီတွေက ပုံစံအမျိုးမျိုးနဲ့ အော်ကြဦးမယ်။

**တုတ်ထိုး** - သူ့ပါတီကိုယ့်ပါတီမဲဆွယ်တာ ကိစ္စမရှိဘူး။ အမုန်းတရားတွေဖြစ်အောင်၊ ပဋိပက္ခတွေဖြစ်အောင် မဖန်တီးကြဖို့လိုတယ်။
**အိုးပေါက်** - ဒါနဲ့ နေစမ်းပါဦး။ ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကားက ဒါရိုက်တာပြောင်းပြီး ရိုက်ကြတော့မယ်ဆိုဗျ။

**တုတ်ထိုး** - ဟုတ်တယ်။ ဗိုလ်ချုပ်ရုပ်ရှင်ကို ရိုက်ကူးဖို့ အကယ်ဒမီသုံးဆုရှင် ဦးလူမင်းကို တာဝန်ပေးလိုက်ပြီတဲ့ဗျ။
**အိုးပေါက်** - ရိုက်ဖြစ်ရင်လည်း မြန်မြန်အကောင်အထည်ဖော်စေချင်တာပါပဲ။

**တုတ်ထိုး** - ဟုတ်တယ်။ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ဖို့ စပြီးအကောင်အထည်ဖော်ခဲ့တာ (၆) နှစ်လောက်နဲ့ ဇာတ်မျှောကြီးဖြစ်နေတာ။ အချိန်တွေ ကုန်ခဲ့တာပဲ အဖတ်တင်တယ်။
**အိုးပေါက်** - တာဝန်ကြီးတော့ ရိုက်ဖို့ ခက်ခဲခဲ့ကြတယ် ထင်တယ်။ ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ပြည်သူတွေရဲ့ နှလုံးသည်းပွတ်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဖေ၊ လွှတ်လပ်ရေးရဲ့ ဖခင်။ တပ်မတော်ရဲ့ ဖခင်။

**တုတ်ထိုး** - ဒါနဲ့ အဲ့ဒီဇာတ်ကားရိုက်ဖို့ ဘာလို့ကြာခဲ့ကြတာလဲ။
**အိုးပေါက်** - ဒီဇာတ်ကားရဲ့ ကုန်ကျစရိတ်ကို မတတ်နိုင်လို့ ပိုက်ဆံ ရှာရင်း ရှာရင်းနဲ့ ရွှာလည်သွားတာလို့အဲ့ဒီဇာတ်ညွှန်းနဲ့ပတ်သက်ပြီး ဦးဇာဂနာကပြောတယ်ဗျ။

**တုတ်ထိုး** - ကျုပ်လေ။ ကမ္ဘောဇ ဘောလုံးအသင်းရဲ့ ကိုကျော်ကျော်မျိုးကို သနားမိတယ်။
**အိုးပေါက်** - သူ့ခမျာ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ဖို့ (၆)နှစ်လောက်စောင့်ခဲ့ရတာလေ။

**တုတ်ထိုး** - ဟုတ်တော့ ဟုတ်တယ်။ သနားမယ်ဆိုလည်း သနားလို့ရတယ်။
**အိုးပေါက်** - တကယ်ဆို အစကတည်းက ဗိုလ်ချုပ်ရုပ်ရှင်မရိုက်ဘဲ သူ တပ်မတော်ထဲ ဝင်ခဲ့ရင် တပ်မတော်ထဲမှာ နေရာကောင်းကောင်း ရနေလောက်ပြီ။ ဗိုလ်လေးဖြစ်ဖြစ်၊ ဗိုလ်ကြီးဖြစ်ဖြစ် အခုလောက်ဆိုဖြစ်နေလောက်ပြီ။

**တုတ်ထိုး** - ဦးဇာဂနာပြောထားတာ အရင်တစ်ပတ် The Voice ဂျာနယ်မှာ ဖတ်လိုက်ရတယ်။ နံပတ်တစ်က ဒီဇာတ်ကားရိုက်ကူးဖို့ ငွေကြေးဖြစ်ပြီး နံပါတ်နှစ်က ဒီဇာတ်ကားပေါ်မှာ နိုင်ငံတကာက စိတ်ဝင်စားမှု မရှိတာတဲ့ဗျ။
**အိုးပေါက်** - ဘာပဲဖြစ်ဖြစ်။ ဗိုလ်ချုပ်ရုပ်ရှင်ကို ဖြစ်စေချင်တာပါပဲ။

**တုတ်ထိုး** - ကျုပ်တို့နိုင်ငံကြီးမှာ ဖြစ်စေချင်တာတွေက အများကြီး။ ဗိုလ်ချုပ်ရုပ်ရှင်လည်း ပြီးအောင် ရိုက်စေချင်တယ်။ ငြိမ်းချမ်းရေးလည်း ရစေချင်တယ်။
**အိုးပေါက်** - အခုဆိုရင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ချုပ်ဆိုခဲ့ကြတာ သုံးနှစ်ပြည့်ခဲ့ပြီဗျ။

**တုတ်ထိုး** - ထိပ်သီးခေါင်းဆောင်ရဲ့ ထိပ်သီးဆွေးနွေးပွဲကနေ ငြိမ်းချမ်းရေးအလင်းရောင်ရဖို့ မျှော်လင့်မိပါတယ်။ စစ်ပွဲတွေရပ်ပြီး ငြိမ်းချမ်းရေးလမ်းပေါ် ရောက်ဖို့ ပြောင်းလဲချိန်တန်ပါပြီ။


**တ - ၈ သို့ »**

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၂၂ ၊၂၀၁၈)

# ပူတာအိုက နန်းမတော်ကြီး

အင်ခိုင်ဘွမ် ရေးသားသည်။




ယခင်ခေတ်များကမြစ်ကြီးနားဆိုလျှင်ပင် မဲဇာပို့သည်ဟု ဆိုကြသည်။ ပူတာအို ဆိုလျှင်ကား ဆိုဖွယ်ရာမရှိ။ ပူတာအိုရောက် ဒုတိယဗိုလ်မှူးကြီး ပီကျော်ဟန်က "ပူတာအိုသို့ ရောက်လာသော ဌာနဆိုင်ရာဝန်ထမ်းများမှာ ပြည်နယ်၊ ပြည်မအလှည့်ကျတာဝန်ထမ်းဆောင်ရသောမှုအရ ရောက်လာသောဝန်ထမ်းများရှိသကဲ့သို့ စမက(သောက်မြင်ကပ်သော) ပုဒ်မအရပို့လိုက်သောဝန်ထမ်းများလည်း ရှိသည်။ အရက်သမားလည်း ပါသည်။ ဖဲသမားလည်း ပါသည်။ ရာသီဥတုကအမြဲအေးနေတော့ အရက်သမားတွေအကြိုက် ဖြစ်သလို ရုံးချိန်သော ဘာသောညာသော နားမလည် အချိန်မရွေးဖဲရိုက်လို့ရသည်။ အရက်သောက်လို့ရသည်။ ဌာနဆိုင်ရာ လူကြီးတွေဆိုတာ ကြိုတင်အကြောင်းမကြားဘဲ ပူတာအိုကို လာချင်တိုင်းလာလို့ မရတော့ အလစ်အငိုက် လာရောက်စစ်ဆေးမှာကိုကြောက်ဖို့မလို၊ စိုးရိမ်စရာမရှိပါ"ဟု မှတ်တမ်းတင်ခဲ့ဖူးသည်။

ပူတာအိုနှင့် ပတ်သက်၍ ဆရာဦးမင်းနိုင်၊ ယုဝတီဂျင်းဖောမယ်၊ ဆရာမြသန်းတင့်၊ ပီကျော်ဟန် အစရှိသည့် စာရေးဆရာများကလည်း ဝတ္ထု၊ ခရီးသွားမှတ်တမ်းများ ရေးသားခဲ့ကြသည်။ ယခုချိန်တွင်မူ ပူတာအိုသည် ပြည်တွင်း၊ ပြည်ပမှခရီးသွားများ သွားရောက်လည်ပတ်ရာနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးလာနေပြီ ဖြစ်သည်။

လွန်ခဲ့သည့် ရက်ပိုင်းက ကျန်းမာရေးမကောင်းသဖြင့် အိမ်တွင် အေးအေးဆေးဆေး အနားယူဖြစ်သည်။ ငွေတာရီမဂ္ဂဇင်းအဟောင်းများကို တစ်ရွက်ချင်းလှန်၍ ဟိုယခင် မဂ္ဂဇင်းသရုပ်ဖော်ပန်းချီဆရာကြီးများ၊ ကာတွန်းဆရာကြီးများ၏ လက်ရာများကို ခံစားနေမိသည်။ ပန်းချီဦးအုန်းလွင်၊ ဗဂျီအောင်စိုး၊ ပန်းချီမောင်စိန် (ကာတွန်းမောင်စိန်)၊ ကာတွန်းဖေသိန်း၊ ကာတွန်းဘထွေး၊ ကာတွန်းသန်းကြွယ် တို့၏ ပန်းချီကာတွန်း လက်ရာများက စိတ်ကို ရွှင်လန်းစေသည်။

၁၉၇၀ ခုနှစ်၊ ဇူလိုင်လထုတ် ငွေတာရီမဂ္ဂဇင်းကိုလှန်ရင်း ဆရာမကြီးရွှေကူမေနှင်း၏ "ကျမ၏သူငယ်ချင်း" စာစုလေးကို တွေ့လိုက်ရသည်။ သရုပ်ဖော်ပန်းချီက ဆရာကြီးဦးအုန်းလွင်၏လက်ရာ။ နှင်းတောကိုဖြတ်၍ ကျောင်းသို့လာနေသော ကလေးများကို ဆရာမက ရပ်စောင့်နေပုံဖြစ်သည်။ "ငါလည်း သည်နွေမှာ ပြန်လာဘို့ မျှော်လင့်ထားတာပဲ၊ မြင့်မြင့်လှိုင်က မြစ်ကြီးနားပြောင်းရပြန်ပြီ ဟုတ်လား။ အဖော်တွေကွဲပြန်ပြီပေါ့၊ ကဲ. . . တွေ့မှ တဝပြောရအောင်။ သူငယ်ချင်းရဲ့မြကြင် (ပူတာအို)"ဟု တွေ့လိုက်ရပြီး အစအဆုံးဆက်ဖတ်သွားမိသည်။ မမြကြင်၊ ဒေါ်မြကြင်သည် အရပ်လေးပေ ဆယ့်တစ်လက်မ၊ ပေါင်ချိန် တစ်ရာ့ခြောက်ဆယ်။ အရာရာတွင် ကောင်းပေ့၊ ညွန့်ပေ့မှ နှစ်သက်၍ ပျော်ပျော်နေတတ်သည်။ ခန္ဓာ၀၀ကြီးဖြင့် ဇိမ်ယူတတ်သည်။ သူငယ်ချင်းများက နန်းမတော်ကြီးဟု ဆိုကြသည်။ "အဝတ်တင်လား၊ အစားလည်း သူမက်သည်။ ကျောင်းလာသော သူ့ဆွဲခြင်းတွင် အစားအမျိုးမျိုးပါတတ်သည်။ ရန်ကုန်မှာ တရုတ်ဟော်တယ်အမျိုးမျိုး သူရောက်ဖူးသည်။ ဘယ်ဟော်တယ် ဘာဟင်းကောင်းသည်ကို သူပြောတတ်သည်။ စကော့ဈေးမှ ဆီချက်ခေါက်ဆွဲသည်နှင့်လည်း ငယ်ပေါင်းရင်းချာကဲ့သို့ခင်နေပြီ"ဟု ဆရာမကြီး ရွှေကူမေနှင်းက သရုပ်ဖော်ရေးသားသည်။ နောက်တော့ ဒေါ်မြကြင် မြစ်ကြီးနားသို့ အလယ်တန်းကျောင်းအုပ်အဖြစ် သွားရသည်။ ထို့နောက် ပူတာအို အထက်တန်း ကျောင်းအုပ်အဖြစ်ပြောင်းရသည်။ ဘော်ဒါခမပေးနိုင်သည့်ခလေး၊ အနွေးထည် လုံလုံလောက်လောက် မရှိသည့်ခလေး၊ တောင်ကိုဖြတ်၍ စာလာသင်သည့်ခလေး၊ လက်ကိုမီးကင်ပြီး စာရေးရသည့်ခလေး၊ ပိန်ဉစားသည့်ခလေးများသည် သူ၏ တပည့်လေးများ ဖြစ်လာကြသည်။

ဒေါ်မြကြင်ကြီးသည် သူငယ်ချင်းများနှင့်တော့ စာအဆက်အသွယ်မပြတ် ရှိကြသည်။ သူငယ်ချင်းများဆုံလျှင် "ဘယ့်နှယ့်-ပူတာအိုဆရာမကြီး - အစားမက်တာ စည်းစိမ်သက်သာမက်တာ ဘယ်လိုတုန်း"ဟု အမေးခံရသည်။ နန်းမတော်ကြီးက ဘယ်လောက်တိုင်းပြည်ချစ်ပါတယ် ဆိုဆို၊ ပူတာအို သွားပါလားဆိုရင် တွန့်ချင်ကြကြောင်း ဆိုသည်။ "ငါ့ခလေးတွေဟာလေ သိပ်ဆင်းရဲကြတယ်"ဟု ပြောသည်။ "သိပ္ပံမှာရေငုပ်သင်္ဘောအကြောင်း သင်တယ်ကွယ်။ သင်္ဘောတောင်မမြင်ဘူးတာ ဘယ်လိုနားလည်မလဲ၊ ဒီတော့ လှေကိုအရင်ပြော၊ နောက်တော့ လှေကြီးကြီးသံနဲ့လုပ်၊ စက်တပ်၊ တစ်ခါ အဆောက်အဦးလိုဟာ ဆောက်၊ ရေထဲငုပ်ဆိုပြီး ရေငုပ်သင်္ဘောပုံကိုပေါ်အောင် အကြာကြီးပြောရတာ၊ ဗမာစကားကလည်း ကျောင်းမှာသာ ကြားရတော့ တော်တော်နဲ့ သဘောမပေါက်ဘူး၊ တချို့ဆရာတွေ စိတ်ဓာတ်ကျတော့ ငါ့မှာ ထိန်းရတယ်၊ သူတို့ကို သနားပီး အပင်ပန်းခံပေးပါလို့ပေါ့"ဟု သူငယ်ချင်းများကို ရင်ဖွင့်သည်။ သူငယ်ချင်းများက ယခင်ကလေးဆိုးကြီးကဲ့သို့ မဟုတ်တော့သည့် နန်းမတော်ကြီးစကားကို နားထောင်နေကြသည်။ ရင့်ကျက်တည်ငြိမ်နေသော နန်းမတော်ကြီးအတွက် ဝမ်းသာပီတိဖြစ်ကြရသည်။ ဆရာမကြီးရွှေကူမေနှင်းက "သူပြန်လာလျှင် သူ့ကလေးတွေအကြောင်း၊ သူ့တောင်ပေါ်အကြောင်း ပြောပေဦးမည်၊ မြေပြန့်မှ ကျမတို့တစ်စု သူ့ကိုမျှော်နေကြပါ၏"ဟူ၍ စာစုကို အဆုံးသတ်ထားသည်။ အဖုံး၊ မာတိကာပင် မရှိတော့သည့် ငွေတာရီမဂ္ဂဇင်းဟောင်းလေးကိုပိတ်ရင်း ဆရာမကြီးရွှေကူမေနှင်းကို သတိရမိသည်။

တစ်လောက ဆရာမကြီးနှင့်တွေ့စဉ် ဆရာမကြီး၏ "မြန်မာ့အသံငွေကြယ်ပွင့်များ" စာအုပ် ဝယ်၍မရကြောင်းပြောတော့ ဆရာမကြီးက လှည်းတန်း အင်းဝစာအုပ်ဆိုင်တွင် တွေ့မိသည်ဟု ပြောသည်။ နောင် တွေ့လျှင်တော့ ပူတာအိုက နန်းမတော်ကြီးအကြောင်းမေးမည်ဟု မှတ်ထားမိလိုက်သည်။ မဂ္ဂဇင်းပိတ်တော့ Facebook က အလိုလိုဖွင့်လျက်သား ဖြစ်သွားသည်။ သတင်းများကိုကြည့်ရင်း ခရီးသွားကုမ္ပဏီတစ်ခု၏ ပူတာအိုမြို့၃ညအိပ်၄ရက် လေ့လာရေးခရီးစဉ်ဟူသော ကြော်ငြာကိုတွေ့ရပြန်သည်။ လှပရှုမငြီးဖွယ် နှင်းဖုံးတောင်တန်းကြီးများကိုပြသထားသည်။ ပူတာအိုမြို့တွင်း သွားလာလည်ပတ်သင့်သောနေရာ ၂၀ကိုအမှတ်စဉ် ထိုးဖော်ပြထားသည်။ ထိုနေရာများကို ဖတ်နေရင်း ယခင်မဖွံ့ဖြိုးမတိုးတက်သေးစဉ်က ခရီးသွားများ၊ ဇာတ်ကောင်များ၏ လှုပ်ရှားမှုများကို မြင်ယောင်ကြားယောင်နေမိသည်။ ထိုထဲအတွင် ပူပူနွေးနွေး ပူတာအိုက နန်းမတော်ကြီးလည်း တစ်ဦးအပါအဝင်ပင် ဖြစ်လေတော့သည်။

---

» စာ-၃ မှ

နေ့မှာ ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာအတွက် ယှဉ်ပြိုင်သည့်ပါတီ ၂၄ ပါတီ၊ တစ်သီးပုဂ္ဂလ ၇ ဦး၊ ကိုယ်စားလှယ်လောင်းစုစုပေါင်း ၉၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီတုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)က ပြည်သူ့လွှတ်တော်တွင် ငါးနေရာ၊ အမျိုးသားလွှတ်တော်တွင် သုံးနေရာ၊ ပြည်နယ်လွှတ်တော်တွင်တစ်နေရာစုစုပေါင်း ကိုးနေရာ (ရာခိုင်နှုန်းအားဖြင့် ၄၇ ဒသမ ၃၇ ရာခိုင်နှုန်း) အနိုင်ရရှိခဲ့ပါတယ်။ ဒုတိယ အများဆုံး အနိုင်ရရှိခဲ့တဲ့ ပါတီမှာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) ဖြစ်ပြီး ပြည်သူ့လွှတ်တော်တွင် နှစ်နေရာနှင့် ပြည်နယ်လွှတ်တော်တွင် လေးနေရာ၊ စုစုပေါင်း ခြောက်နေရာ (ရာခိုင်နှုန်းအားဖြင့် ၃၁ ဒသမ ၅၈ ရာခိုင်နှုန်း) အနိုင်ရရှိခဲ့တာကို တွေ့ရပါတယ်။

ဒီလိုကြားဖြတ်ရွေးကောက်ပွဲမှာ ထူးခြားချက်အနေနဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေကို မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်နဲ့ နှိုင်းယှဉ်ရင် မဲပေးသူအရေအတွက် ကျဆင်းခဲ့ခြင်းဖြစ်ပြီး ပြည်နယ်လွှတ်တော်များတွင် မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်၏ ထက်ဝက်နီးပါးခန့်သာ လာရောက်မဲပေးခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒါကြောင့် မြစ်ကြီးနားက မဲဆန္ဒရှင်များအနေနဲ့ ကိုယ်တွေတင်မြှောက်ချင်တဲ့သူကို မဲအပြတ်အသတ်နဲ့ အနိုင်ရစေချင်တယ်ဆိုရင် တစ်ယောက်စီတိုင်း သွားရောက်မဲပေးကြဖို့ လိုမယ်ဆိုတာ ရေးသားလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

» စာ-၇ မှ

**အိုးပေါက်** - မီဒီယာလွတ်လပ်ခွင့်အတွက်လည်း ပိုမိုလွတ်လပ်တဲ့ မီဒီယာလမ်းကြောင်းပေါ် ရောက်ဖို့ ပြောင်းလဲချိန်တန်ပါပြီ။

**တုတ်ထိုး** - မင်းတုန်းမင်းကြီးကတော့ မိန့်တော်မူခဲ့တာပဲ။ ငါမကောင်းရင် ငါ့ကိုရေး။ ငါ့မိဖုရားမကောင်းရင် ငါ့မိဖုရားကိုရေးတဲ့။ ဒါမီဒီယာလွတ်လပ်ခွင့်မဟုတ်ဘူးလား။

**အိုးပေါက်** - အဲ့ဒီလို ပြောခဲ့တာ မင်းတုန်းမင်းတရားကြီးလေ။ ရန်ကုန်တိုင်းမင်းကြီး ပြောခဲ့တာမှ မဟုတ်တာ။ ဒီတော့ ကြည်ညိုတော်မူကြပေါ့ခင်ဗျာ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။

**အိုးပေါက်** - နောက်ထပ် မှတ်ထားဦး။ လမ်း သွားရင်းလာရင်း လေယာဉ်တွေ ဘာတွေ တိုက်နေဦးမယ်။

**တုတ်ထိုး** - ဘယ့်နှယ် ဘယ့်နှယ် လေယာဉ်က ဘယ်လိုတိုက်မှာတုန်း။

**အိုးပေါက်** - ပြောလို့ရတာမဟုတ်ဘူး။ မြန်မာပြည်မှာ ဘာမဆိုဖြစ်နိုင်တယ်လေ။ ဦးပြားဆိုတဲ့လူလည်း လေယာဉ်တိုက်လို့ ပြားသွားဖူးပြီ။

**တုတ်ထိုး** - ဒါလည်း ဟုတ်တာပဲ။

**အိုးပေါက်** - လေးနှစ်အတွင်းမှာ တပ်မတော်လေယာဉ်မတော်တဆမှု ၉ မှုမှာ ၁၃၃ ဦး သေဆုံးခဲ့ဖူးတယ်။

**တုတ်ထိုး** - ဗျာ။

**အိုးပေါက်** - အဆိုးရွားဆုံးမတော်တဆမှုကတော့ ၂၀၁၇ ဇွန်လအတွင်းမှာ ဖြစ်ခဲ့တဲ့ လူရာနဲ့ချီ လိုက်ပါလာတဲ့ Y8 အမျိုးအစား တပ်မတော်သယ်ယူပို့ဆောင်ရေး လေယာဉ်အဖြစ်ဆိုးပေါ့ဗျာ။

**တုတ်ထိုး** - ၂၀၁၄ ဇွန်လအတွင်းကလည်း MIG - 29 တိုက်လေယာဉ်ကို လေ့ကျင့်ပျံသန်းနေတုန်း မကွေးမြို့ မြို့သစ်အနီးမှာပျက်ကျခဲ့တာမှတ်မိသေးတယ်။

**အိုးပေါက်** - ဟုတ်တယ်။ အဲ့ဒါအပြင် တောင်ငူမြို့နယ် ချင်းကုန်းနဲ့ အနောက်ဇီးကုန်းကျေးရွာအကြား လယ်ကွင်းအတွင်းမှာ F7 လေယာဉ်တစ်စင်း ပျက်ကျခဲ့သေးတယ်။ ဟော အခုနောက်ဆို ၂၀၁၈ အောက်တိုဘာမှာ F7 တိုက်လေယာဉ်နှစ်စင်းဟာ သီးခြားစီ ပျက်ကျခဲ့ဖူးတယ်။ မကွေးမြို့နဲ့ ဧရာဝတီမြစ် တစ်ဘက်ကမ်း မင်းဘူးမြို့မှာ ပျက်ကျခဲ့တာ။ လေယာဉ်မှူး ၂ ဦးနဲ့ ကျောင်းသူတစ်ဦး သေဆုံးခဲ့ရတယ်။

**တုတ်ထိုး** - အဲ့ဒါကြောင့် ကျုပ်ပြောတာ လမ်းသွားရင် အပေါ်လည်းကြည့်သွား၊ လမ်းကိုလည်း ကြည့်သွားလို့။

**အိုးပေါက်** - ဟုတ်တယ်။ မြန်မာပြည်မှာ ဘာမဆိုဖြစ်နိုင်တယ်။ ဘာမှ မဖြစ်ရင်တော့ ဘာမှမဖြစ်ဘူး။

**တုတ်ထိုး** - မဆိုးဘူး။ ခင်ဗျားအိုးမပေါက်တော့ဘူး။ ဟဲ ဟဲ ဟဲ။ ။

# အပစ်အခတ်ရပ်စဲရေးမှသည် ဖက်ဒရယ်ပြည်ထောင်စုဆီသို့

**မြတ်သွေးထက်**

မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းကို အကြမ်းဖျင်းလေ့လာကြည့်လျှင် မြန်မာ့လွတ်လပ်ရေး၌ ချင်းဝိသေသတိုင်းနှင့် ကချင်တောင်တန်းဒေသများ မပါဝင်ရန် ဗြိတိန်လွှတ်တော်က အဆိုပြုလာကြသည်။ သို့သော် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အဆိုပါဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များနှင့်ဆွေးနွေးကာ မြန်မာ့လွတ်လပ်ရေးကို တစ်ပေါင်းတစ်စည်းတည်းရယူရန် ပင်လုံညီလာခံတွင် လက်မှတ်ရေးထိုး ဆုံးဖြတ်ခဲ့ကြ၏။ ထိုမှ အချက်(၁၄)ချက်ပါသည့် ဖွဲ့စည်းပုံအခြေခံမူကြမ်းကို ဗြိတိန်ပါလီမန်လွှတ်တော်သို့ တင်သွင်းပြီး မြန်မာ့လွတ်လပ်ရေးကိုတောင်းဆိုခဲ့သည်။ သို့သော် အောင်ဆန်း - အက်တလီ စာချုပ်မချုပ်ဆိုမီ ရက်ပိုင်းအလို၌ ရှမ်းပြည်နယ်ဘက်မှ ရှမ်းစော်ဘွားများသည် မြန်မာ့လွတ်လပ်ရေးတွင် ရှမ်းပြည်နယ်မပါဝင်ရေးအတွက် ဗြိတိန်လွှတ်တော်သို့ ကြေးနန်းပို့ကာ ကန့်ကွက်ခဲ့ကြ၏။ ထို့ကြောင့် ရန်ကုန်မှဖဆပလဝန်ကြီးများရှမ်းပြည်နယ်သို့ သွားရောက်ကာ ရှမ်းအခြေခံ လူထုများနှင့်တွေ့ဆုံပြီး "ရှမ်းစော်ဘွားများအုပ်ချုပ်သည့် ပဒေသရာဇ်စနစ်ကို လက်ခံမည်လား၊ သို့တည်းမဟုတ် ပါလီမန်ဒီမိုကရေစီစနစ်ကို လက်ခံမည်လား"ဆိုသည်ကို မေးမြန်း၍ "ပါလီမန်ဒီမိုကရေစီစနစ်ကို လိုလားပါသည်"ဆိုသည့် ရှမ်း အခြေခံလူထုများ၏ ထောက်ခံပွဲကြီးကို ပင်လုံမြို့လေး၌ပင် ထပ်မံကျင်းပပြုလုပ်လျက် "တစ်ပေါင်းတစ်စည်းတည်း လွတ်လပ်ရေးရယူပါမည်" ဆိုသည့် အဆိုကို ဗြိတိန်လွှတ်တော်သို့ ကြေးနန်းဖြင့် အကြောင်းကြားကာ အောင်ဆန်း - အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ကတိသစ္စာတည်ကြည်သော၊ တိုင်းရင်းသားများယုံကြည်သော မြန်မာ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အလုပ်ကြံခံရကာ တိုင်းပြည်ပျက်စီးခြင်းအစကို ရောက်ခဲ့ရ၏။

ထို့နောက်တွင် ဖဆပလအဖွဲ့မှ ဦးနု ဝန်ကြီးချုပ်ဖြစ်လာသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) တောခိုသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးပြီးနောက် ဗြိတိန်လွှတ်တော်သို့ တင်သွင်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဦးနု - သခင်တင်(နု-တင်)တို့က လိုတိုးပိုလျှော့ ပြုလုပ်လိုသည့် သန့်ရှင်းဖဆပလအဖွဲ့ဖြစ်လိုပြီး ဦးဘဆွေနှင့်ဦးကျော်ငြိမ်း(ဆွေ-ငြိမ်း) တို့က မူရင်းအတိုင်း မပျက်မယွင်းထားရှိလိုသည့် တည်မြဲဖဆပလအဖွဲ့ဆိုကာ တိုင်းပြည်အကွဲအပြဲ စတင်လာခဲ့၏။ ထို့နောက် မဲလိမ်မဲခိုးစနစ်များ ပေါ်ပေါက်လာပြီး ဦးနုအစိုးရက တိုင်းပြည်ကို မထိန်းချုပ်နိုင်တော့ဘဲ အိမ်စောင့်အစိုးရအဖြစ် ဗိုလ်ချုပ်နေဝင်းကို တာဝန်ယူစေခဲ့သည်။ ယင်းအခြေအနေတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က တပ်မတော်စစ်ဦးစီးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သော ကရင်လူမျိုးတစ်ဦးဖြစ်သည့် ဗိုလ်ချုပ်စမစ်ဒွန်းရာထူးမှနုတ်ထွက်ခဲ့၏။ ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရအဖြစ် နှစ်နှစ်နီးပါး တာဝန်ယူခဲ့ပြီးနောက် ထပ်၍တစ်ဖန် ဦးနုက နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်တာဝန်ယူပြန်သည်။ ဤအချိန်တွင် ကရင်လူမျိုးလက်နက်ကိုင်(KNDO)များ အဖြစ်တောခိုခဲ့၏။ နောက်ဆုံးတွင်



အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူခဲ့ဖူးသည့် ဗိုလ်ချုပ်နေဝင်းက ဝန်ကြီးချုပ်ဦးနု၏ အားနည်းချက်များကို အသာစီးယူကာမြန်မာနိုင်ငံ၏အာဏာရှင်စနစ်ကို စတင် တည်ဆောက်ခဲ့သည်။ ထိုအခြေအနေမှစ၍ တိုင်းရင်းသားလူမျိုးစု အသီးသီး၏ လက်နက်စွဲကိုင် တော်လှန်မှုများ ပေါ်ပေါက်လာခဲ့၏။ ယင်းကို ဗိုလ်ချုပ်နေဝင်းက ပင်လုံစာချုပ်တွင် ပါဝင်သည့် ဖက်ဒရယ်မူဆိုသည်မှာ ခွဲထွက်ပိုင်ခွင့်ကို တောင်းဆိုခြင်းဖြစ်သည်ဟုဆိုကာ ဝါဒဖြန့်ခြင်းဖြင့် နိုင်ငံရေးအသာစီးရယူထားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံငွေကြေးများကို တရားမဝင်ငွေကြေးအဖြစ် ကြေညာလိုက်သည်မှ အစပြုကာ ရှစ်ဆယ့်ရှစ် အရေးတော်ပုံကြီး ဖြစ်ပွားလာပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် တစ်ပါတီအာဏာရှင်စနစ်နှင့်အတူ ဦးနေဝင်း၏ဘဝဇာတ်သိမ်းခဲ့ရ၏။ သို့သော် ဗိုလ်ချုပ်မှူးကြီးစောမောင်မှသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စသဖြင့် စစ်အာဏာရှင်အဆက်ဆက် ၁၉၉၀ ရွေးကောက်ပွဲဖြင့် အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီပါတီကို အာဏာလွှဲပေးခြင်းမရှိဘဲ ဗိုလ်ကျစိုးမိုးခဲ့ကြသည်။ ရေမြေတောတောင် သဘာဝသယံဇာတ အားလုံးမှာလည်း ပြောင်တလင်းခါသွားခဲ့၏။ သို့သော် တောင်တန်းနေ တိုင်းရင်းသားလက်နက်ကိုင်အားလုံးနှင့် သူမနိုင်ကိုယ်မနိုင် ဖြစ်ပွားခဲ့ကြသည့် စစ်မက်များမှာ ယနေ့တိုင်အောင် မပြီးဆုံးနိုင်သည့် စစ်ပွဲများဟု ဆိုရမည်ဖြစ်သည်။ တိုင်းရင်းသား ပြည်သူများမှာလည်း ယနေ့အချိန်ထိ ကစဉ့်ကလျား ပြေးလွှားနေရဆဲဖြစ်၏။ ထို့အပြင် ၂၀၁၅ ခုနှစ်တွင် စစ်အစိုးရတဖြစ်လဲဦးသိန်းစိန်အစိုးရတက်လာပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းပြည်ကို ချုပ်ကိုင်ထားဆဲဖြစ်သည်။

ယင်းကဲ့သို့သော တိုင်းပြည်ကို ပြုပြင်ပြောင်းလဲရာတွင် ပထမအဆင့်အနေဖြင့် အပစ်ရပ်လက်မှတ် ရေးထိုးနိုင်ရေးသည် တိုင်းပြည်အတွက် အဆောတလျင် လိုအပ်လျက်ရှိ၏။ ထို့ကြောင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဓိကကျသည်ကို အားစိုက်ဆောင်ရွက်လျက် ရှိသည်။ တောင်တန်းသား လက်နက်ကိုင်များအနေဖြင့်လည်း အပစ်ရပ်လက်မှတ်ရေးထိုးကြပြီး တိုင်းပြည်အတွက် အရေးကြီးသည့် ဖက်ဒရယ်မူဝါဒကို အချိန်ကြန့်ကြာမှုမရှိအောင် ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ လိုသည်။ ယနေ့ မြန်မာ့နိုင်ငံရေးသည် ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌဦးနေဝင်းက ဖက်ဒရယ်မူကို ခွဲထွက်ရေးဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့၍ လက်ရှိမြန်မာ့တပ်မတော်ကလည်း ခွဲမထွက်ဖို့ကိုသာ အကြိမ်ကြိမ်ပြောဆိုနေပြီး ရှေ့မတိုးနောက်မဆုတ် အခြေအနေမျိုးသို့ ရောက်ရှိနေ၏။

စင်စစ် ဖက်ဒရယ်မူဆိုသည်မှာ ပြည်သူလူထုအားလုံး သဘောတူညီသည့် ခိုင်မာသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲထားခြင်းဖြစ်ပြီး ဗဟိုတွင်အပ်နှင်းထားရမည့် ဥပဒေအနည်းငယ်မှအပ ကျန်ဥပဒေ အားလုံးနီးပါးကို ပြည်နယ်အစိုးရများက အနှောင်အဖွဲ့ကင်းစွာ စီမံခန့်ခွဲနိုင်ခွင့်နှင့် အုပ်ချုပ်မှုအာဏာခွဲဝေပေးခြင်းသာ ဖြစ်သည်။ ထို့ကြောင့် တောင်တန်းသားလက်နက်ကိုင်များအားလုံး အပစ်ရပ် လက်မှတ်ရေးထိုးကြပြီး လူနည်းစုအခွင့်အရေး၊ တန်းတူညီမျှရေးများပါဝင်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ်ကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်းတင်ပြလိုက်ရပါသည်။










မြစ်ကြီးနားသ
(အောက်တိုဘာ

# ၂၀၁၈ ဖိလစ်ပိုင် မင်ဒါနာအိုကျွန်းရဲ့ နိုင်ငံရေးအလှည့်အပြောင်း

M kawn La ရေးသားသည်။






အသေအပျောက်များခဲ့တဲ့ Marawi မြို့တွင်းတိုက်ပွဲ

US China Trade War ပြင်းထန်နေဆဲ ကာလမှာပဲ ဇူလိုင် ၃၁ ရက်နေ့စွဲနဲ့ ကမ္ဘာမှာ Breaking News တစ်ခု တက်လာပါတယ်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း Mindana ကျွန်းမှာ MILF (Moro Islamic Liberation Front) မိုရိုအစ္စလာမ်မစ် တော်လှန်ရေးတပ်ဦးနဲ့ ဖိလစ်ပိုင် သမ္မတဒူတာတေးရဲ့ အစိုးရတို့ Islamic Autonomous Region တစ်ခုထူထောင်ဖို့ MOU ထိုးခဲ့ပြီး ဖိလစ်ပိုင်ရဲ့နိုင်ငံရေးခြေလှမ်းအသစ်ကမ္ဘာကို ဖွင့်လှစ်ခဲ့ပါတယ်။

ဒီသတင်းဟာ ဘာလို့ထူးခြားလဲဆိုတော့ လောလောဆယ် ကမ္ဘာမှာ ခွဲထွက်ရေးကိစ္စတွေတစ်ခုပြီးတစ်ခုပေါ်ပေါက်နေဆဲဖြစ်ပြီး ဥရောပမှာ ဗြိတိန်ကနေ စကော့တလန် ခွဲထွက်ရေးနဲ့ စပိန်ကနေ ကာတာလန် ခွဲထွက်ရေး၊ အရှေ့တောင်အာရှမှာ ထိုင်းတောင်ပိုင်းနဲ့ Patani ခွဲထွက်ရေးနဲ့ ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကျွန်းရဲ့ Bangsamoro တို့ရဲ့ ခွဲထွက်ရေးဟာ ထင်ရှားတယ်။

စကော့တလန်နဲ့ ကာတာလန် ခွဲထွက်ရေးတွေမှာ ဥပဒေဘောင်ထဲက ပြည်သူ့မဲဆန္ဒကို အပြင်းအထန် ကြိုးပမ်းခဲ့ကြတာဖြစ်ပြီး အရှေ့တောင်အာရှရဲ့ ထိုင်းက Patani နဲ့ ဖိလစ်ပိုင် မင်ဒါနာအိုတို့ဟာ အစ္စလာမ်မစ်တို့ရဲ့ လက်နက်ကိုင်တော်လှန်ရေးဖြစ်ပြီး သွေးထွက်သံယိုမှုများစွာနဲ့ သွေးခင်းတဲ့လမ်းတွေ ဖြစ်ခဲ့တယ်။

ဒီအထဲက အသိမ်မွေ့ဆုံး အကြမ်းဖက်မှုကို အရင်ချုပ်ငြိမ်းစေနိုင်ခဲ့တဲ့ MILF တို့ရဲ့ မင်ဒါနာအို သဘောတူညီချက်ဟာ ကမ္ဘာကို ကိုင်လှုပ်နိုင်ခဲ့တာ မဆန်းပါဘူး။ ကျွန်တော်တို့နိုင်ငံဟာလည်း နှစ် ၇၀ ပြည်တွင်းစစ် ချုပ်ငြိမ်းဖို့ ကြိုးစားဆဲဆိုတော့ အားလုံးအကြိုးရှိမယ်ယူဆလို့ သုံးသပ်ချက်များ ရေးသားတင်ပြလိုက်ပါတယ်။ ကချင်လူထုနဲ့လည်း တိုက်ရိုက်ပတ်သက်မယ် ထင်ပါတယ်။

အခု အဖြစ်အပျက်ဟာ လက်နက်ကိုင် တော်လှန်ရေး ဖြစ်ပွားနေဆဲမှာ အကောင်းဆုံးလုပ်ဆောင်နိုင်ခဲ့တဲ့ ၂၀ ရာစု ငြိမ်းချမ်းရေးလို့တောင် ပြောနိုင်တယ်။ သမ္မတဒူတာတေးကို ချီးကျူးရမယ်။ ဒီဖြစ်စဉ်ကို အဓိက တွန်းအားပေးခဲ့တာက မနှစ်က မေ ၂၃ မှာ အဲဒီ မင်ဒါနာအိုကျွန်းမှာပဲ ဖြစ်ခဲ့တဲ့ အဘူဆေယက်ဖ်အုပ်စုနဲ့ မာရဝီမြို့တွင်းတိုက်ပွဲဟာ လူ ၁၀၀၀ ကျော် သေခဲ့ပြီး အစိုးရတပ်က စစ်သား ၁၆၅ ယောက်ကျဆုံးခဲ့တယ်။ မာရှယ်လောနဲ့ အပြင်းအထန် ပြန်လည်တိုက်ခိုက်ခဲ့ရပြီး အောက်တိုဘာလကျမှ မြို့ကိုပြန်ရတယ်။ အဲဒီဖြစ်စဉ်ဟာ သမ္မတ ဒူတာတေးအတွက် သင်ခန်းစာယူနိုင်ခဲ့ပြီး ၁၉၄၆ ခုနှစ်ကတည်းက ဖိလစ်ပိုင်မှာ Islamic ခွဲထွက်ရေး အမြစ်တွယ်ခဲ့တာကို အပြတ်ဖြေရှင်းဖို့ ဆုံးဖြတ်နိုင်ခဲ့တယ်။

ပထမတော့ သူလည်းအပြီးတိုင်ချေမှုန်းရေးပဲ ကြွေးကြော်ခဲ့တာပဲ။ လက်တွေ့ မာရဝီမြို့တွင်းတိုက်ပွဲကို အဘူဆေယက်ဖ်အုပ်စုက လက်နက်ကိုင်အနည်းငယ်နဲ့ တိုက်ကြည့်တော့ အဖြေက ၅ လနဲ့ လူ ၁၀၀၀ ရင်းလိုက်ရတယ်။ မြို့ကို ပြန်လည်တည်ဆောက်တာ မပါသေးဘူး။ အစ္စလာမ်မစ်အုပ်စုအားလုံးနဲ့ တိုက်ရရင် ဆီးရီးယားနဲ့ အီရတ်က ကတ်တွေရဲ့ဖြစ်စဉ် နမူနာတွေ အများကြီးရှိတာ တွေ့နေရတာပဲ။ ဒီတော့ midanao ရဲ့ အားအပျော့ဆုံး Moro အုပ်စုတွေနဲ့ စတင်ကြိုးပမ်းကြည့်တယ်။

ခွဲထွက်ရေးမဟုတ်ဘဲ ကိုယ်ပိုင်ပြဌာန်းခွင့် (Self Determination)ကို ဖော်ဆောင်တဲ့ Autonomous Area ထူထောင်ဖို့ ဆွေးနွေးတယ်။ တိုင်းပြည်ရဲ့ တစ်စိတ်တစ်ဒေသ ခွဲထွက်ရေးမဟုတ်တော့ဘဲ ဖက်ဒရယ်ရဲ့အခြေခံအချက် Autonomous Area နဲ့ ဖလှယ်တယ်။

ဒါဟာ ဒူတာတေးရဲ့ Philippine republic အတွင်း ဖက်ဒရယ်စနစ်ကို ပေါင်းစပ်တဲ့ နိုင်ငံရေးအမြော်အမြင်ကို ရှင်းရှင်းတွေ့နိုင်ပါတယ်။

တစ်ပြည်ထောင် အမျိုးသားနိုင်ငံအတွင်းမှာ ဖက်ဒရယ်စနစ်ကို စည်းကမ်းတကျ ထည့်သွင်းတာပဲ။

မြန်မာကလည်း လောလောဆယ် အမျိုးသားနိုင်ငံအဖြစ် နိုင်ငံရေးဘောင်ထဲမှာ ကျင်လည်နေတယ်။ တိုင်းရင်းသားတွေက ဖိလစ်ပိုင် bangsamoro တွေလိုပဲ self-determination ကို ရဖို့တိုက်နေတယ်။ ဖိလစ်ပိုင်ဖြစ်စဉ်နဲ့ အတော် သဏ္ဍာန်တူပါတယ်။ Sovereign power ကို ၁၉၄၈ ခုနှစ်ကတည်းက ချုပ်ကိုင်ခဲ့တဲ့ ဗမာတိုင်းရင်းသား လူများစု ဘယ်လိုဖြေရှင်းမလဲ။

ကမ္ဘာမှာတော့ စတင်ပြောင်းလဲနေပြီ။ သင်ခန်းစာယူကြရအောင်လား။ အဖြေကဖြေရှင်းချင်ရင် သိပ်မခက်လောက်ဘူး မြင်ပါတယ်။ ကချင်တွေလည်း လေ့လာကြည့်ရအောင်။

နိုင်ငံရေးခေါင်းဆောင်တွေရဲ့ ဆက်စပ်စဉ်းစားရှုမြင်ချက်တွေကို ဖိလစ်ပိုင် မင်ဒါနာအိုရဲ့ Autonomous Reagion of Muslim Mindanao (ARMM) ဖြစ်ပေါ်လာပုံမှာ ရှုမြင်နိုင်တယ်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးဘာလုပ်ခဲ့သလဲ။

မင်ဒါနာအိုကျွန်းရဲ့ မာရဝီမြို့မှာ ၂၀၁၇ မေလမှာ ISIS သစ္စာခံ အဘူဆေယက်ဖ်အုပ်စုနဲ့ တိုက်ခိုက်ရာမှာ ဘယ်လောက်ခက်ခဲခဲ့ပြီး ရိုက်ခတ်မှုရှိခဲ့တယ်ဆိုတာ ဒူတာတေး အသိဆုံးပဲ။ အရှေ့အလယ်ပိုင်းက အီရတ်ဆီးရီးယားမှာ Muslim အစွန်းရောက် ISIS တွေရဲ့ ကာလီဖိတ်နိုင်ငံတော် ထူထောင်မှု ပျက်စီးချုပ်ငြိမ်းခဲ့ပေမယ့် အခြား Muslim ဒေသတွေကို တစ်ကမ္ဘာလုံးမှာ ပျံ့နှံ့ခဲ့တာဖြစ်တယ်။ အထူးသဖြင့် အာဖရိကအလယ်ပိုင်းနဲ့ အနောက်ဘက်ဒေသတွေ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှတွေဖြစ်တယ်။

ဒူတာတေးစိုးရိမ်တာက သူ့နိုင်ငံတောင်ပိုင်းက မူစလင်တွေနေထိုင်တဲ့ မင်ဒါနာအိုကျွန်းပါပဲ။ မူလကတည်းက အဘူဆေယက်ဖ် MNLF (Mindanao National Liberation Front), MILF (Mindanao Islamic Liberation Front) အဖွဲ့တွေ အခြေစိုက်ပြီး အကြမ်းဖက် ခွဲထွက်ရေး လုပ်ဆောင်နေတဲ့နေရာ ဖြစ်တယ်။ ISIS ရဲ့ အရှေ့တောင်အာရှရဲ့ ခေါင်းဆောင်ဟာ အဘူဆေယက်ဖ်အုပ်စုထဲကပဲ ရွေးချယ်ထားတာ ဒူတာတေးအတွက် စိတ်ပူစရာပါ။ အီရတ်နဲ့ ဆီးရီးယားက ISIS တွေရဲ့ လမ်းကြောင်းကလည်း တောင်အာရှနိုင်ငံတွေဖြစ်တဲ့ အာဖဂန်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်ကတစ်ဆင့် မြန်မာ-ထိုင်းတောင်ပိုင်း ပါ့တနီဒေသ။ အဲ့ဒီကနေ မလေးရှား၊ အင်ဒိုနီးရှား၊ နောက်ဆုံးဖိလစ်ပိုင်ရဲ့ muslim အကြမ်းဖက်ဒေသ မင်ဒါနာအို အထိ ခရီးလမ်းက အဆင်သင့်ပါပဲ မဟုတ်ပါလား။

မင်ဒါနာအိုမှာ ဘာတွေဖြစ်နေသလဲ။

မင်ဒါနာအိုကျွန်းဟာ ဖိလစ်ပိုင်တောင်ပိုင်းမှာ အကြီးဆုံးကျွန်း ဖြစ်တယ်။ ဒေသကြီး ၆ ခုနဲ့ဖွဲ့စည်းထားတယ်။ Zamboanga Penisular, Northen Mindano, Dava Reagion, Soccsksargen Reagion, Caraga Reagion, ARMM Reagion ဆိုပြီး ရှိပါတယ်။ Bangsa moro လူမျိုးစုတွေရဲ့ မူရင်းဒေသဖြစ်တယ်။ Bangsa ဆိုတာ မလေးစကားပါ။ တိုင်းပြည်လို့ အဓိပ္ပါယ်ရပါတယ်။ မင်ဒါနာအိုဟာ မိုရိုတို့ရဲ့တိုင်းပြည်လို့ ခေါ်ပါတယ်။

ဖိလစ်ပိုင်မှာ အများစုဟာ Roman Catholic တွေပါ။ မွတ်ဆလင်တွေအနေနဲ့ လူဦးရေရဲ့ ၆ ရာခိုင်နှုန်းပဲရှိပါတယ်။ ဆွန်နီအုပ်စုဝင်တွေ ဖြစ်တယ်။ မင်ဒါနာအိုကျွန်းဟာ ဘာလို့ မူဆလင်(Muslim)တွေဖြစ်နေရသလဲဆိုတာကတော့ ၁၄ ရာစု ကတည်းက ဘရူနိုင်းနဲ့အရှေ့မလေးရှားက စူလ်တန်တွေ ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကို အုပ်စိုးခဲ့စဉ်ကတည်းက ဖြစ်ခဲ့တာပါ။

မိုရိုပြည်သူတွေရဲ့ သမိုင်းကြောင်းဟာ အုပ်စိုးခံဘဝနဲ့ ရှည်လျားလှပါတယ်။ ၁၆ ရာစုရောက်လာတော့ ကမ္ဘာ့အရှေ့ဖျားကုန်သွယ်ရေးမှာ တရုတ်ပိုးထည်တွေနဲ့အတူ ကျော်ကြားတာက မလက္ကာရေလက်ကြားက မလေးနဲ့ အင်ဒိုတို့ရဲ့ ဟင်းခတ်အမွှေးအကြိုင်တွေဖြစ်ပါတယ်။ အဲ့ဒီလို ကျော်ကြားတာနဲ့အမျှ ဒတ်ချ်တွေ၊ ပေါ်တူဂီတွေ၊ စပိန်တွေရဲ့ ရေကြောင်းကုန်သွယ်ရေး ကိုလိုနီတိုးချဲ့မှုမှာ စပိန်တို့လက်အောက်ကို ဖိလစ်ပိုင်နဲ့အတူ မင်ဒါနာအို ကျရောက်ခဲ့ရာက moro တို့ အနောက်ကိုလိုနီ ဖြစ်ခဲ့ရတယ်။

အဲဒီနောက် ၁၉ ရာစု ၁၈၉၈ မှာ စပိန်-အမေရိကန် စစ်ပွဲ ဖြစ်တယ်။ အနိုင်ရသူ အမေရိကန်ကိုလိုနီအဖြစ် ထပ်မံပြီး ပြဌာန်းခံဘဝ ရောက်ခဲ့ရတယ်။ အမေရိကန် ကိုလိုနီဘဝဟာ ဒုတိယကမ္ဘာစစ်ဂျပန်တို့ ဖိလစ်ပိုင်ကို သိမ်းမှပဲ နိဂုံးချုပ်တံတယ်။ Bangsa moro တို့ဟာ ဘရူနိုင်း၊ မလေးရှား စူလ်တန်များ၊ စပိန်၊ အမေရိကန်၊ ဂျပန်တို့နဲ့ နောက်ဆုံး Christian Philippino တွေရဲ့ အုပ်စိုးမှုကို နှစ်ပေါင်း ၆၀၀ ကျော် ခံခဲ့ရတာ အခုမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self determination)ကို ရတယ်ဆိုရုံလေး ရှိသေးတယ်။ Bangsa moro တို့ရဲ့ ဇွဲလုံ့လကို ချီးကျူးရမယ်။

မိုရိုမူဆလင် (Moro Muslim) တွေဟာ ဘရူနိုင်း၊ မလေးအရှေ့ကျွန်း စော်ဘွားတွေနဲ့ စပိန်၊ အမေရိကန်၊ ဂျပန်တွေရဲ့ကြီးစိုးမှုကို ၁၉၄၆ ဒုတိယကမ္ဘာစစ်ကြီး ပြီးတဲ့အထိ ခံခဲ့ရတယ်။

ဖိလစ်ပိုင် လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း ဖိလစ်ပိုင် ခရစ်ယာန် (Christian Phillipino) တွေရဲ့ အောက်မှာ ထည့်သွင်း၊ သွတ်သွင်းခြင်းခံရလို့ ဒီနေ့အထိ တွန်းလှန်တိုက်ခိုက်မှုတွေ ရှိခဲ့တာ ဖြစ်တယ်။

အရှေ့တောင်အာရှမှာ လူမျိုးမတူ၊ ဘာသာမတူ လူမျိုးစုကြီးတွေ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း အတ္တလန္တိတ်ချာတာအရ အမေရိကန်တွေရဲ့သဘောကျ လွတ်လပ်ရေးပေးခဲ့ရာမှာ မြန်မာက ရှမ်း၊ ကချင်၊ ချင်း၊ ကရင်နီ ပြည်နယ်တွေ၊ ထိုင်းတောင်ပိုင်း မလေးရှားနွယ်ဝင် Patani ပြည်နယ်တွေ၊ ဖိလစ်ပိုင်က မင်ဒါနာအို




ဖိလစ်ပိုင်ရဲ့ မြေပုံ bangsamoro တွေဟာ Palawan, Sulu , Mindanao တောင်ပိုင်း တွေမှာ နေထိုင်ပုံပြမြေပုံ

တောင်ပိုင်း Bangsa moro တွေဟာ သက်ဆိုင်ရာ နယ်နိမိတ်ဆက်စပ်ပြီး နိုင်ငံအသစ်တွေအဖြစ် လူများစုနဲ့အတူ ရယူပေါ်ထွန်းလာခဲ့ပါတယ်။ ဒီနေ့ တွန်းလှန်တိုက်ခိုက်မှု သမိုင်းကြောင်းလည်း တူနေပါတယ်။

ခွဲထွက်ရေးကို ပိုမိုအားသန်ခဲ့တာကတော့ ထိုင်းတောင်ပိုင်း Patani နဲ့ ဖိလစ်ပိုင်က မင်ဒါနာအို bandsamoro muslim ခွဲထွက်ရေးတွေဟာ ထင်ရှားပါတယ်။ မြန်မာကတော့ ၁၉၆၂ နောက်ပိုင်းမှ အမျိုးသားတန်းတူရေး လစ်လျူရှုမှုကြောင့် ဖက်ဒရယ်ဖော်ဆောင်ရေး၊ Self determination ဖြစ်ရေးတို့နဲ့ တော်လှန်မှုဖြစ်တယ်။ (နိုင်ငံရေးအရ ခွဲထွက်ရေး သိပ်မပြောသေးပါ။) ၂၀၁၇ နောက်ပိုင်းမှ နိုင်ငံရေးအရ ဖော်ဆောင်မှု ထွက်ပေါ်လာတာ ဖြစ်တယ်။

မင်ဒါနာအိုက Bangsamoro တွေရဲ့ ခွဲထွက်ရေးတော်လှန်မှုဟာ အစောပိုင်းကာလမှာ MNLF (Mindanao National Liberation Front) တွေရဲ့ ဦးဆောင်မှုအောက်မှာ အောင်မြင်မှုတွေ ရှိခဲ့တယ်။ သမ္မတမားကို့စ်လက်ထက် (၁၉၆၉-၁၉၈၆)မှာ သဘောတူညီချက်ရခဲ့တဲ့ Tripoli Agreement (1976)ဟာ အထူးထင်ရှားပါတယ်။ အဲဒီတုန်းက လစ်ဗျားအာဏာရှင် ကဒါဖီနဲ့ အီဂျစ်သမ္မတ အန္ဒဝါဆဒတ်တို့ ဦးဆောင်ခဲ့တာကို တွေ့ရတယ်။ အဲဒီမှာ ထူးခြားချက်က နိုင်ငံပြင်ပမှာ ဆွေးနွေးပွဲတွေလုပ်ပြီး သဘောတူညီချက်တွေ ရခဲ့တာတွေ့ရတယ်။ Bangsamoro တွေရဲ့ တောင်းဆိုချက်ကြောင့် အဲဒီတုန်းက Muslim အကြမ်းဖက်အုပ်စုတွေရဲ့ လေးစားမှုရှိခဲ့တဲ့ လစ်ဗျားမှာ လုပ်ခဲ့တယ်။

ဒါဟာ စဉ်းစားတွေးတောစရာအချက် ဖြစ်တယ်။

ကိုလံဘီယာ ကွန်မြူနစ်သူပုန် FARC တွေလည်း အစိုးရနဲ့ ငြိမ်းချမ်းရေးကြိုးပမ်းစဉ် တောင်အမေရိကရဲ့ ကွန်မြူနစ် ဩဇာကြီးမားတဲ့ ကျူးဘားမှာ ဆောင်ရွက်ခဲ့တာ နောက်ထပ်ဥပမာကောင်း ဖြစ်တယ်။

သဘောတူညီချက်တွေ နိုင်ငံပြင်ပမှာလုပ်ပြီး ဘာလို့ ရရှိအောင်မြင်ခဲ့သလဲ။ စဉ်းစားစရာ တွေ့ရတယ်။ တစ်သက်လုံး ရန်ဘက်၊ တိုက်လည်းတိုက်ခိုက်ခဲ့ကြတယ်။ အစိုးရရဲ့ လုပ်ပိုင်ခွင့်နဲ့ ဩဇာဟာ တော်လှန်သူတို့အတွက် တစ်ပန်းရှုံးတယ်လို့ယူဆတာကြောင့်ဖြစ်တယ်။ နှစ်ဘက်ပြေလည်အောင်ဆွေးနွေးရာမှာ နှစ်ဘက်သဘောတူတဲ့ နိုင်ငံတကာ ဩဇာရှိတဲ့ Buffer Zone အခြေအနေမျိုး တကယ်လိုအပ်တယ်လို့ မြင်တယ်။

မြန်မာဟာလည်း လက်ရှိတိုင်းရင်းသားလက်နက်ကိုင်ကိစ္စ၊ ဖက်ဒရယ်ကိစ္စ၊ မိမိတို့လိုလားတဲ့ အစိုးရမျိုးကို မိမိတို့ဘာသာ ရွေးကောက်တင်မြှောက်ပိုင်ခွင့်အတွက် တို့ကြောင့် ပြည်တွင်းစစ် နှစ် ၇၀ ကြာပြီဖြစ်တယ်။ ပြည်တွင်းမှာ ဖြေရှင်းဖို့ ၂၁ ပင်လုံ Model အခင်းအကျင်းနဲ့ လုပ်နေတယ်။ အဲဒီ Model ထဲမှာပဲ တရုတ်က ကြားဝင်စေ့စပ်သူအဖြစ် နှစ်ဘက်လုံးက လက်ခံထားတယ်။ EU ကတော့ ဒီမိုကရေစီ အောင်မြင်ရေးအတွက် ငွေကြေး ထောက်ပံ့ပေးနေတယ်။ ဒီ ဒီဇိုင်း (Design) ဟာ အောင်မြင်မလား။ ဒါဟာ Bangsamoro တို့ရဲ့ အကြောင်းလေ့လာချက်ထဲက နှိုင်းယှဉ်လေ့လာစရာ အချက်ကို ပြောပြတာ ဖြစ်တယ်။

Tripoli Agreement အကြောင်း ဆက်ရအောင်။ အဲဒီ Agreement မှာ အဓိကခေါင်းဆောင် ၃ ဦး ဆောင်ရွက်တယ်။ ဖိလစ်ပိုင်အစိုးရက သမ္မတ Ferdinand Marcos ၊ မိုရို MNLF ဘက်က Nur Misuari ၊ လစ်ဗျားဘက်က သမ္မတ Khadafi တို့ ဖြစ်တယ်။ ပထမ အပစ်ရပ်ရမယ်။ ဒုတိယ Autonomous reagion ကို ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုမှာ အချိန်တန်ရင် ဖော်ဆောင်ရမယ်။ အဲဒီ agreement ကြောင့် ၁၉၇၇ ဖေဖော်ဝါရီမှာ နိုင်ငံရေး ဆွေးနွေးချက်တွေ principles တွေ ဆက်ဆွေးနွေးတယ်။

ဆက်ပါဦးမယ်

M Kawn La

# ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ် ဒီမိုကရေစီပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ် MD ခေါ်ညွယ်




မြစ်ကြီးနားမြို့နယ် အတွင်း နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂)နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ် ဒီမိုကရေစီပါတီမှ လွှတ်တော် ကိုယ်စားလှယ်လောင်း ဒေါ် MD ခေါ်ညွယ် အင်တာဗျူး

**ကြားဖြတ်ရွေးကောက်ပွဲကို ဘယ်လိုကြောင့် ဝင်ပြိုင်ဖြစ်ခဲ့တာလဲ။ ပြီးတော့ ဘယ်လိုရည်မှန်းချက်ထားပါသလဲ။**

ကျွန်မတို့ပါတီက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသစ်ပြန်လည် ထူထောင်ထားတဲ့အတွက်ကြောင့် ပထမဆုံးအနေနဲ့ ၃ နေရာမှာ မပြိုင်မနေရဆိုတဲ့အတွက်ကြောင့် ကျွန်မကို ပါတီကဥက္ကဋ္ဌတွေ အတွင်းရေးမှူးတွေက တာဝန်ပေးတယ်၊ ကျွန်မကလည်း အမျိုးသားလွှတ်တော်နေရာ ဆိုတော့ ကိုယ်လည်း အမျိုးသမီးတစ်ယောက်ဖြစ်တဲ့အတွက် ဒီနေရာနဲ့ သင့်တော်မယ်လို့ ထင်တဲ့အတွက်ကြောင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ပါတယ်။

**အခုဝင်ရောက်ယှဉ်ပြိုင်မယ့် လစ်လပ်နေတဲ့ မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)နေရာကနေ အနိုင်ရရှိခဲ့မယ်ဆိုရင် ကချင်ပြည်နယ်သူ/သားတွေအတွက် ဘာကိုများ ဦးစားပေးလုပ်ဆောင်သွားမလဲ ခင်ဗျ။**

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြောရမယ်ဆိုရင် တိုင်းရင်းသားတွေဟာ သယံဇာတ ခွဲဝေသုံးစွဲရေးမှာ ကိုယ့်ပြည်နယ်မှာထွက်တဲ့ သယံဇာတတွေကို ကိုယ့်ပြည်နယ်ကလူတွေကပဲ စီမံခန့်ခွဲလို့ရတဲ့ ဥပဒေတစ်ရပ် ဖြစ်ပေါ်ချင်တယ်။ ပြီးတော့ တောင်သူ ဦးကြီးတွေအတွက်လည်း ဥပဒေကောင်း ပေါ်ထွက်လာစေဖို့ အဲ့လိုမျိုး ရည်ရွယ်တယ်။ နောက်တစ်ခုအနေနဲ့ ကျွန်မတို့ပြည်နယ်အနေနဲ့ကတော့ ကိုယ့်ပြည်နယ်မှာ ငြိမ်းချမ်းရေးအတွက် အရမ်းကို လိုအပ်နေတယ်၊ ဒါကြောင့် ဒီငြိမ်းချမ်းရေးကိုလည်း အတတ်နိုင်ဆုံး ကိုယ်က ဖော်ဆောင်ချင်ပါတယ်။ နောက်တစ်ခုက လွှတ်တော်မှာ အမျိုးသမီးတွေကို ၃၀ ရာခိုင်နှုန်းမက အရည်အချင်းရှိတဲ့ အမျိုးသမီးဦးရေ အကန့်အသတ်မရှိ ရောက်စေချင်တဲ့ စိတ်ဆန္ဒတွေရှိတယ်။ မြေယာနဲ့ပတ်သက်တဲ့ ဥပဒေကောင်းတွေကို ထွက်ပေါ်လာဖို့အတွက်လည်း မျှော်လင့်တယ်။

**အရင်နှစ်တွေက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ရှိဖူးလားခင်ဗျ။**

၂၀၁၅ ခုနှစ်တုန်းကတော့ KNC ပါတီကနေ ချီဖွေပြည်သူ့လွှတ်တော်နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ အနိုင်ရရှိခဲ့တာတော့ မရှိခဲ့ပါဘူး။ နောက်ပိုင်း ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပါဝင်တဲ့ပါတီ ပြန်ပြီးထူထောင်ရအောင်ဆိုပြီး ဒေါ်ဘောက်ဂျာတို့နဲ့ တွေ့ဆုံပြီးမှ ပါတီအသစ်ထဲကို ပြန်ရောက်လာခဲ့တာပါ။

**အရင်တုန်းကကော နိုင်ငံရေးလှုပ်ရှားမှုတွေ ရှိခဲ့ဖူးလား၊ နောက်ခံ သမိုင်းအကြောင်းတွေရှိခဲ့ရင်လည်း ပြောပြပေးစေချင်ပါတယ်ဗျ။**

အရင်က နိုင်ငံရေးနဲ့ဆိုင်တဲ့ဟာတွေ ထွေထွေထူးထူး လုပ်တယ်ဆိုတာတော့မရှိခဲ့ပါဘူး၊ တခြားလူမှုရေးတွေတော့ လုပ်ဖြစ်တယ်။ နိုင်ငံရေးကိုလည်း ထဲထဲဝင်ဝင်လုပ်ဖြစ်ခဲ့တာမျိုးတော့မရှိခဲ့ပါဘူး။ အရင်ကတော့ ဖားကန့်မှာ ရှေ့နေအဖြစ်နဲ့ နေခဲ့ပါတယ်။

**ရည်မှန်းချက်ပန်းတိုင် ရောက်အောင် ဘယ်လို ဆောင်ရွက်မှုတွေများ ပြုလုပ်နေပါသလဲ။**

အခု အမျိုးသားလွှတ်တော်နေရာကြားဖြတ်ရွေးကောက်ပွဲ ဝင်တယ်ဆိုတာက ကိုယ်က သိပ်တော်လို့ သိပ်တတ်လို့တော့မဟုတ်ဘူး။ အမျိုးသမီးတစ်ဦးအနေနဲ့ ဒီလိုနေရာတွေကိုလည်း အမျိုးသမီးအားလုံးရဲ့ကိုယ်စားအနေနဲ့ရော ကျွန်မတို့ ပါတီကိုယ်စားအနေနဲ့ရော ပြည်သူအားလုံးအတွက်ကော တတ်နိုင်တဲ့ ဥပဒေပညာရပ်နဲ့ ဒီလိုမျိုး လုပ်ခွင့်ရအောင်ပဲ ကိုယ်က အဲ့ဒါကိုပဲမျှော်လင့်တာပေ့ါနော်။ တကယ်လို့ဖြစ်လာခဲ့မယ်ဆိုရင်တော့မှ အရမ်းမျှော်လင့်ချက်လည်း မထားပါဘူး။ ကိုယ်ကအခုမှ ခြေလှမ်းစသေးတာဆိုတော့ ကိုယ့်ရဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာကိုယ်ကပါတီကချမှတ်ထားတဲ့ မူဝါဒတွေအနေနဲ့ရော၊ ကိုယ်လုပ်ဆောင်ရမယ့် လုပ်ငန်းတွေအနေနဲ့ရော၊ ပြည်သူလူထုအသံကို နားထောင်ပြီးမှ လုပ်ဆောင်သွားဖို့ အဲ့လိုပဲ ရည်မှန်းချက် ထားထားပါတယ်။

**အမျိုးသမီး ကိုယ်စားလှယ်လောင်းတစ်ယောက်အနေနဲ့ မဲဆွယ်တဲ့ အချိန်ကာလမှာသော်လည်းကောင်း ဒီကြားဖြတ်ရွေးကောက်ပွဲမှာဝင်ရောက်လာတဲ့ အပေါ်မှာသော်လည်းကောင်း ဘယ်လိုအခက်အခဲတွေ ရင်ဆိုင်ရတာရှိလဲ။**

အမျိုးသမီးတစ်ယောက်ဖြစ်တဲ့အတွက် အားပေးမှုတော့ နည်းနည်းပါးပါးရတယ်လို့တော့ ခံစားရတယ်။ အမျိုးသမီးတွေကိုတော့ ဟုတ်သည်ဖြစ်ဖြစ်၊ မဟုတ်သည်ဖြစ်ဖြစ် အားပေးတာကို တွေ့မြင်ရတယ်။ ဒါပေမယ့် အမျိုးသမီးတစ်ဦး ဖြစ်တဲ့အတွက်ကြောင့် အမျိုးသားတွေလောက်တော့ သွားလာလှုပ်ရှားမှုကတော့ အားနည်းတာပေ့ါ။ ကိုယ့်ရဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာ နိုင်ငံရေးကိုလည်း အခုမှ လေ့လာတုန်းဆိုတော့ ကိုယ့်မှာလည်း လိုအပ်ချက်တွေရှိပါတယ်။

**ဟုတ်ကဲ့ပါ၊ အခုနောက်ဆုံးအနေနဲ့ နိုဝင်ဘာလ ၃ ရက်နေ့မှာ ပြုလုပ်တော့မယ်။ ကြားဖြတ်ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး မြစ်ကြီးနားသတင်းဂျာနယ် စာဖတ်ပရိသတ်ကိုရော ဘာများ ပြောချင်ပါသလဲခင်ဗျ။**

တကယ်ပဲ ကိုယ့်တိုင်းပြည်၊ ကိုယ့်ပြည်နယ်ကိုချစ်တဲ့ အရည်အချင်းရှိတဲ့သူကို လွှတ်တော်မှာ ရောက်စေချင်တယ်၊ ဘယ်သူပဲဖြစ်ဖြစ်ပေ့ါ။ ကိုယ်က အားပေးပါတယ်။ အားလုံးက ဘုရားသခင်လက်ထဲမှာပါပဲ။ လူတွေရွေးကောက်တယ်ဆိုတာ ဒုတိယပါ၊ ဘုရားသခင်က ပထမဆုံးရွေးကောက်တာပါ၊ တကယ်ပဲ ကိုယ့်တိုင်းပြည်၊ ကိုယ့်ပြည်နယ်၊ ကိုယ့်ပြည်သူလူထုတွေအပေါ်မှာ မေတ္တာစေတနာတွေရှိတယ်၊ မားမားမတ်မတ်ရပ်တည်နိုင်တဲ့ လွှတ်တော်အမတ်တွေ ထွက်ပေါ်လာဖို့အတွက် မြစ်ကြီးနားသတင်းဂျာနယ်ကလည်း ကူညီပေးစေလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

Salai

# ရိုးရာအမွေအနှစ်များကို ထိန်းသိမ်းမည့် မျိုးဆက်သစ်များ နည်းပါးနေ



ကချင်ရိုးရာ ကျန်မ်လွယ်ဓါးပြုလုပ်သူ ဆရာ ခင်ဂျောင် ဆင်ဝါးနော်



ကချင်ရိုးရာ ကျန်မ်လွယ်ဓါးပြုလုပ်သူ ဆရာ လဇွပ်နော်ဘောက်





ကချင်တို့၏ ဓလေ့ထုံး တမ်းစဉ်လာတွင် ကချင်ရိုးရာ မင်္ဂလာဧည့်ခံပွဲများတွင် မပါ မဖြစ်သည့် အရာတစ်ခုရှိ သည်။ ၎င်းမှာ ကချင်လို N htu N ga ဟုခေါ်သည့် ကချင်ရိုးရာဓားလွယ် ဖြစ် သည်။ မင်္ဂလာဆောင်များတွင် ဓားလွယ်ကို သမီးရှင်များက သမက်ကို ပေးကမ်းရာတွင် ဖြစ်စေ၊ ယောကျ်ားလေးတစ် ဦးနှင့်တစ်ဦး သူငယ်ချင်းအ ဆင့်ထက်ပိုပြီး သွေးသောက် ညီအစ်ကိုအဖြစ် သစ္စာပြု သည့်အခါတွင်ဖြစ်စေ၊ ကချင် ပြည်နယ်သို့ နိုင်ငံတော်အ ကြီးအကဲများ လာရောက် လည်ပတ်သည့် အခါများတွင် ဖြစ်စေ၊ တန်ဖိုးထားပေးအပ် ကြပါသည်။

တန်ဖိုးကြီးပြီး ဂုဏ်အရှိန် အဝါကြီးမားသည့် ကချင်ရိုးရာ ဓားလွယ်သည် ကချင်တိုင်း ရင်းသားတို့အတွက် အထူးအ ရေးပါသော်လည်း ထိုဓားလွယ် ပြုလုပ်သည့် ပညာရပ်ကို တတ် မြောက်သူ အလွန်နည်းပါးလာ သည်။ မျိုးဆက်သစ် လူငယ် များမှာ ပညာကို လက်ဆင့် ကမ်းရန် စိတ်ဝင်စားမှု နည်းပါး နေကြသည်။ ခေတ်စနစ်များ ထွန်းကားလာတာနှင့် အမျှ စီးပွားရေးလမ်းကြောင်းများ ပြောင်းလဲလာခြင်းကြောင့် ဓားလွယ်ပြုလုပ်သူများ မရှိသ လောက် နည်းပါးလာနေ သည်။

လက်ရှိကာလတွင် ကချင် ရိုးရာ ဓားလွယ်ကို ပြုလုပ်နေ သူ အများစုသည် သက်ကြီး ပိုင်းများဖြစ်ပြီး ၎င်းတို့က လည်း အသက်အရွယ်ရလာ သည်နှင့်အမျှ ကချင်ရိုးရာဓား လွယ်ပြုလုပ်နည်းကိုလက်ဆင့် ကမ်းရမည့်သူ ရှာချင်နေကြ သည်။ ထိုပညာရပ်ကို စိတ်ဝင် စားသူ ရှားပါးလာခြင်းကြောင့် စိတ်မကောင်းဖြစ်ရကြောင်း ကချင်ရိုးရာဓားလွယ် လုပ် သည့် အဘိုးတို့ကပြောသည်။

မြစ်ကြီးနားမြို့တွင် ကချင် ရိုးရာဓားလွယ် လုပ်ငန်းကို တစိုက်မတ်မတ် မြတ်မြတ် နိုးနိုးလုပ်ကိုင်ခဲ့သည့် ကချင် အဖိုးနှစ်ယောက်ရှိသည်။ တစ် ယောက်မှာ စီတာပူရပ်ကွက်မှ အဖိုးဆင်ဝါးနော် ဖြစ်ပြီး နောက်တစ်ယောက်က ယုဇန ရပ်ကွက်မှ အဖိုးလဇွမ်နော် ဘောက်တို့ ဖြစ်သည်။

“ကိုယ့် ကချင်အမျိုးသား တွေရဲ့ လက်မှုပညာတွေကို တော့ အရမ်းသင်ပေးချင် တယ်။ ဒါပေမဲ့ လာသင်မယ် နော်ဆိုပြီး တစ်ယောက်မှ မပေါ်လာဘူး၊ ဒီနေ့ခေတ် လူငယ်တွေ သိချင်တယ်၊ တတ်ချင်တယ် သင်ပေးပါဆို ပြီးတစ်ယောက်မှ ပေါ်မလာ ဘူး။ ဒါကိုတော့ အရမ်းဝမ်း နည်းတယ်”ဟု ကချင်ရိုးရာ ကျန်မ်လွယ်ဓါးပြုလုပ်သူဆရာ လဇွပ်နော်ဘောက်က ပြော သည်။

ရှေးယခင်က ကချင်ရိုးရာ Nuk Jaw ဘာသာရေးအကြီး အကဲများဖြစ်သည့် Jaiwa Dumsa ကြီးများ Du wa ကြီးများက ကျားစွယ်ကြီးများ တပ်ဆင်ပြီး အသုံးပြုခဲ့ကြ သည်။ ရိုးရာလွယ်ဓားကိုယနေ့ အချိန်ထိ ကချင်ရိုးရာမနောင် ပွဲများ၊ ကချင်ရိုးရာ ထိမ်းမြား မင်္ဂလာပွဲများတွင် မသုံးမဖြစ် အသုံးပြုရပြီး ကချင်လူမျိုးများ တန်ဖိုးထားပြီး ဩဇာရှိသည့် လွယ်ဓားတစ်မျိုးလည်း ဖြစ် သည်ဟု အဖိုးလဇွပ်နော် ဘောက်က ပြောသည်။

“မနောင်က (Nau Shawng) ဦးဆောင်သူတွေက မကိုင်မ ဖြစ်၊ မပါမဖြစ်တဲ့အရာ ဖြစ် တယ်။ Duwa ကြီးတွေ သုံးတယ်။

ထိမ်းမြားမင်္ဂလာပွဲတွေမှာ သုံးတယ်။ ညီအစ်ကိုဖွဲ့- တဲ့အချိန်မှာ ပေးတယ်။ Dama (သားရှင်ဘက်) တွေကို ပေးတယ်၊ (Kahpu Kanau) ညီအစ်ကိုတွေကို ပေးတယ်။ ဒီဓါးဟာ အရှိန်အဝါဩဇာ ရှိတဲ့ဓား ဖြစ်တယ် ဟုဆက်ပြောသည်။ ပျောက်ဆုံးသွားလို့ မဖြစ် သည့် အရှိန်အဝါကြီးသည့် ဓားတစ်လက်ဖြစ်သည်။

ကချင်ရိုးရာ Chyam N ga လုပ် သည့်အချိန် အခက်အခဲဆုံးက ကြိမ်နှီးလ ုပ်သည့်အချိန်ဖြစ်သည်ဟုဆို သည်။ စိတ်ရှည်ရှည်ထားပြီး ပြုလုပ် မှ လက်ရာလှပသည့် Chyam N ga ရရှိမည်ဖြစ်သည်။ ကချင်ရိုးရာ Chyam N ga ဓားလွယ်ဓားကို ပြုလုပ်သည့် အဘိုးလဇွပ်နော်ဘောက်ဆို လျှင် ကြိမ်နှီးဖြင့် ချည်ပြီး တပ်ဆင်သည့် 9bat ginshi, 7 bat ginshi ပြုလုပ်ခြင်းကို ဆရာ ၄ ယောက် ၅ ယောက်ထံတွင် တပည့်ခံ သင်ယူခဲ့ကြောင်း ပြောပြသည်။ ထို့ပြင် ဒေါ်ဒန် မော်ကော့ဆိုသူထံမှလည်းဓား လွယ်ကြိုးပြုလုပ်နည်းကို သင် ယူခဲ့ပြီး ကချင်ရိုးရာ Chyam N ga လုပ်ဖြစ်လာခဲ့ကြောင်း သိရသည်။

ကချင်ရိုးရာ ဓါးလွယ်ကို ကချင်အမျိုးအားလုံး လချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ဇိုင်ဝါး၊ ဂျိန်းဖော၊ ရဝမ်တို့က လိုအပ်တဲ့ အပေါ်မူတည်ပြီး ဝယ်ယူကြ ကြောင်း သိရသည်။ ဆရာ နော်ဘောက်မှာ ကချင်ရိုးရာ Chyam N ga အပြင် ဇိုင်းဝါး အမျိုးများ၏ ဇိုင်ဝါးဓားလွယ် ပြုလုပ်သည့် အတတ်ပညာကို လည်း တတ်မြောက်ကြောင်း သိရသည်။

ငွေကြေးတန်ဖိုးအားဖြင့် ဓား၏တန်ဖိုးက အနည်းဆုံး ၆၀၀၀၀ ကျပ်မှ အများဆုံး နှစ်သိန်း၊ သုံးသိန်းအထိတန် ပြီး ဆင်စွယ်များဖြင့် တန်ဆာ ဆင်လျှင်ဆင်သလို တန်ဖိုးက ကြီးသည်။ ကချင်အမျိုးသား များ အလေးအမြတ်ထားသည့် ကချင် တိုင်းရင်းသားတို့အ တွက် တန်ဖိုးဖြတ်လို့မရသည့် လက်ဆောင်ပစ္စည်းတစ်မျိုး ဖြစ်သည်။

ဓါးလွယ်၏ အရှိန်အဝါက လူကြီးများကို ဆင်မြန်းပေး လိုက်ရင် ခန့်ညားထည်ဝါ သွားသလို လူငယ်များကို ဆင် မြန်းပေးလိုက်လျှင်လည်း တ မူထူးခြားသည့် ဂုဏ်သိက္ခာ ထင်ရှားပေါ်လွင်စေကြောင်း Shatsawm N ga ပြုလုပ်သူ အဖိုးဆင်ဝါးနော်က ပြော သည်။

“ကျွန်တော်တို့ ကချင်လူ မျိုးတွေရဲ့ (N htu N ga) ဓါးလွယ်က သမိုင်းဝင်သတ် မှတ်တဲ့ ဓါးလွယ်ဖြစ်တယ်။ တန်ဖိုးရှိတယ်။ ကချင်ရိုးရာ ယဉ်ကျေးမှုမှာ အခြေခံတာ ဖြစ်တယ်။ ရှေ့ယခင်တုန်းက နေ လွယ်လာခဲ့တဲ့ ဓါးလွယ် ဖြစ်တယ်။ ဒါကို စွန့်လွှတ်လိုက် လို့မရတဲ့ ပထမအရေးကြီးဆုံး ဖြစ်တယ်”ဟုဦးဆင်ဝါးနော်က ဆက်ပြောသည်။


ယနေ့ခေတ် လူငယ်များ သည် ပြဇာတ်များ၊ မနောင် အကများ၊ ပွဲများတွင်မှာသာ အလှလွယ်ရမည့် ဓားလွယ်ဟု ထင်တတ်ကြပြီး အမှန်ဆိုလျှင် ဓားလွယ်သည် အချိန်ပြည့် လွယ်လို့ရသည့် ကချင်ရိုးရာ တန်ဆာဖြစ်သည်ဟုဆိုသည်။

“ကျွန်တော်တို့ရဲ့ ရိုးရာက လှတဲ့ရိုးရာဖြစ်တယ်။ အဓိက ရိုးရာဖြစ်တယ်။ ကျွန်တော်တို့ ရဲ့ အဓိကရိုးရာဖြစ်တယ်။ ဒီ ဟာကို လက်လွှတ်လို့မရတဲ့ ရိုး ရာဖြစ်တယ်။ ပထမဆုံးအရေး ကြီးတဲ့ ရိုးရာဖြစ်တယ်။ ကျွန် တော်တို့ ကချင်အမျိုးသား တွေရဲ့ အရေးကြီးဆုံးက ဒီဟာ ဖြစ်တယ်”ဟု အဖိုးဆင်ဝါးနော် ကပြောသည်။

တိုင်းရင်းသားတို့၏ ရိုးရာ အမွေအနှစ်များ မပျောက် ပျက်အောင် ထိန်းသိမ်းဖို့ဆို လျှင် ပုခုံးပြောင်းလက်ဆင့် ကမ်းမည့် မျိုးဆက်လူငယ်များ က အရေးကြီးသည်။ မိမိတို့ တစ်မျိုးသားလုံး၏ အမွေကို ထိန်းသိမ်းရာတွင် အနစ်နာ ခံရမှုများလည်း ရှိနိုင်သလို အားသာချက်များလည်း ရှိ သည်။ ထို့ကြောင့် ခေတ်လူငယ် များအနေဖြင့် မိမိတို့တစ်မျိုး သားလုံး၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက် ပျက်အောင် ဝိုင်းဝန်းထိန်း သိမ်းရန်လိုပေသည်။ ထို့ ကြောင့် မိမိအမျိုးကိုချစ်လျှင် ဖြင့် စိတ်ရှည်၊ သီးခံမှုများဖြင့် ရိုးရာအမွေများကို လက်ဆင့် ကမ်းကြရန် နှိုးဆော်လိုက်ရပါ သည်။

လဖိုင်လု

# ဆင်ဆာခွင့်ပြုချက်ကြောင့် ကြန့်ကြာနေရသော သမိုင်းပေးတာဝန်" အမည်ရ ကချင် စစ်အက်ရှင် ဇာတ်ကား အပိုင်း(၁)ထွက်ရှိ




အောက်တိုဘာ ၁၀

ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ JZ ဒေါင်လွမ်းမှ ပုံဖော်ရိုက်ကူးထားသော ကချင်စစ်အက်ရှင်ကား ဖြစ်သော သမိုင်းပေးတာဝန်အမည်ရ ဇာတ်ကားအပိုင်း(၁)ကို အောက်တိုဘာလ ၁၅ရက်နေ့မှစ၍ မြန်မာတစ်နိုင်ငံလုံး ဖြန့်ချိတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် နာမည်ကြီး ကချင်အနုပညာရှင်များဖြစ်ကြသော L.Zaw Ding, Zau Doi Hkawng, Ah Ba Di, M. Ja Awng, NT.Seng Noi, P Ja Seng Bu နှင့် အခြားကချင်သရုပ်ဆောင်များစွာပါဝင်ပြီး ပြသခွင့် အခက်အခဲ အမျိုးမျိုးကြောင့် ၂ နှစ်ကြာမှ ဆင်ဆာခွင့်ပြုချက်ရရှိသည့် ယခုအပိုင်းကို ပြသရခြင်းဖြစ်ကြောင်း ဒါရိုက်တာ JZ ဒေါင်လွမ်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီဇာတ်ကားက မနှစ်တုန်းက ရုပ်ရှင်ပွဲတော်မှာ ထည့်ဖို့ ရိုက်ထားတဲ့ကား ဖြစ်တယ်၊ ကချင်တပ်မတော် အကြီးအကဲတွေပါလာတော့ ဆင်ဆာမပေးဘဲ ထားထားတယ်၊ ဇာတ်ကားနောက်ပိုင်းကို ကျတော့ ဆင်ဆာမပေးဘူး။ ပေးတဲ့ ရှေ့ပိုင်းကိုပဲ အပိုင်း(၁)အနေနဲ့ ခွဲထုတ်လိုက်တာဖြစ်တယ်၊ အဲ့ဒါကြောင့်ပေါ့နော်၊ အချို့အနုပညာရှင်ဆို အပိုင်း(၁)မှာ အားလုံးမပါတော့ဘူး။ နောက် ကျန်တဲ့အပိုင်းတွေမှာမှ ပြန်ပါလာမှာပေါ့၊ ဆင်ဆာရတာကတော့ ၂၀၁၇ က ရထားပြီးသား၊ ဒါပေမဲ့ DVD ခွေ ရောင်းတာ အဆင်မပြေဖြစ်တာရယ်၊ အဲ့ဒါကြောင့် အချိန်နည်းနည်း စောင့်လိုက်ရတယ်၊ အဲ့ဒါကြောင့် ၂နှစ်ကြာမှ ဖြန့်ချိဖြစ်တာပါ"ဟု ဒါရိုက်တာဒေါင်လွမ်းက ပြောသည်။

အဆိုပါ ဇာတ်ကားသည် ကချင်လွတ်လပ်ရေး တပ်မတော်၏ တော်လှန်ရေးလုပ်ရခြင်းအကြောင်းများကို ပုံဖော်ရိုက်ကူးထားပြီး လက်ရှိဖြစ်ပျက်နေသော အခြေအနေများနှင့်ပတ်သက်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို ပြသပေးချင်သောကြောင့် ရိုက်ကူးရခြင်းဖြစ်ကြောင်း၊ ကျန်အပိုင်းများကိုလည်း အွန်လိုင်းစနစ်ဖြင့် ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း ဒေါင်လွမ်းက ဆက်လက်ပြောသည်။

"ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ဟာ ဘာကြောင့်တော်လှန်ရေးတွေလုပ်လာတယ်၊ အဲ့ဒါတွေကို သိစေချင်တဲ့အတွက်ရယ်၊ ပြီးတော့ ဒီဇာတ်ကားက အရင်ဇာတ်ကား "တိမ်ပြာသောနေ့"နဲ့ ကွာခြားတာကတော့ တိမ်ပြာသောနေ့ဇာတ်ကားက နှစ်ဦးနှစ်ဘက် မျှအောင်ရိုက်ထားတယ်၊ အခုကားကကျတော့ ကချင်လွတ်လပ်ရေးတပ်မတော်ဘက် အသားပေး ရိုက်ထားတယ်၊ ပြီးတော့ မြန်မာတစ်နိုင်ငံလုံးမှာ ရှိတဲ့ အခြားတိုင်းရင်းသားတွေကိုလည်း သိစေချင်တယ်"ဟုလည်း ဆိုသည်။

၎င်းဇာတ်ကားကို ကချင်ပြည်နယ်အတွင်းရှိ တောတောင်များနှင့် ဆော့လော်မြို့တို့တွင် အဓိကရိုက်ကူးထားပြီး၊ ရိုက်ကူးပြီး အပိုင်းများနှင့် ကျန်ရှိနေသောအပိုင်းများကို ဆက်လက်ရိုက်ကူးရန် ကုန်ကျစရိတ် ကျပ်သိန်းပေါင်း တစ်ထောင်ခန့် ခန့်မှန်းထားကြောင်း သိရသည်။

သမိုင်းပေးတာဝန် အမည်ရ ကချင်စစ်အက်ရှင်ဇာတ်ကားအပိုင်း(၁)ကို အောက်တိုဘာလ ၁၅ရက်နေ့မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ မူပိုင်ခွင့်ယူထားသောဆိုင်များတွင် ၂၅၀၀ ကျပ်ဖြင့် ဝယ်ယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Benadeth

# Movie View

▶ **ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၁၉ - ၁၀ - ၂၀၁၈ မှ ၂၅ - ၁၀ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ း ၃၀ ၊ ၃ း ၃၀ နှင့် ည ၇ း ၀၀ ပွဲချိန်များတွင် - **သမ္မတကြီးထံပေးစာ**







# သဘာဝဘေးအန္တရာယ်ကြောင့် ကချင်ပြည်နယ်တွင် ပြည်သူ ၉၀၀၀ နီးပါး ဘေးသင့်ခဲ့

မြစ်ကြီးနား၊ အောက်တိုဘာ ၁၈

ကချင်ပြည်နယ်တွင် ၂၀၁၇ - ၁၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူ ၉၀၀၀ နီးပါးခန့် ဘေးသင့်ခဲ့သည်ဟု ကချင်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်က ပြောကြားသည်။

အောက်တိုဘာလ ၁၃ ရက်နေ့က မြစ်ကြီးနားမြို့တော်ခန်းမ၌ ပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ်လျော့ပါးရေးနေ့ အခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

၂၀၁၇ - ၁၈ ဘဏ္ဍာနှစ်အတွင်းကချင်ပြည်နယ်တွင်ဘေး အန္တရာယ် ၁၁၆ ကြိမ် ဖြစ်ပွားခဲ့ရာ ဘေးသင့်သူဦးရေ ၈၉၈၄ ဦးရှိခဲ့ပြီး ထိုသို့ဖြစ်ပွားခဲ့ခြင်းကြောင့် တန်ဖိုးငွေကျပ်သန်းပေါင်းများစွာတန်သော ပြည်သူတို့၏ ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ဒါကို ကြည့်ခြင်းအားဖြင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတွေက ဖွံ့ဖြိုးတိုးတက်မှုတွေကို အဟန့်အတားဖြစ်စေတာကို ခန့်မှန်းလို့ရမှာပါ။ ဒါကြောင့် သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းနိုင်တဲ့ပြည်နယ် ဖြစ်အောင်လည်း ကြိုးစားနေပါတယ်"ဟု ဒေါက်တာခက်အောင်က ပြောသည်။

အလားတူ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗဲန်းရှင်းစင်တာတွင် "ပြည်သူ့ဘဝတိုးတက်ပြောင်းလဲဖို့၊ ဘေးဒဏ်ကြောင့် စီးပွားဆုံးရှုံးမှုလျှော့ချစို့" ခေါင်းစဉ်ဖြင့် အောက်တိုဘာလ ၁၃ ရက်နေ့က ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အခမ်းအနားတွင်လည်း ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက ၂၀၁၇ - ၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ပေါင်း ၂၅၀၀ကျော်ဖြစ်ပွားခဲ့ပြီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၉၇၆ ဒသမ ၇၉ ကျော်ရှိခဲ့သည်ဟု ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်သည် နိုင်ငံတစ်နိုင်ငံ၏ ရေရှည်တည်တံ့သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေသည့် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် စီမံကိန်းများတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစဉ်များကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဒုတိယသမ္မတက တိုက်တွန်းပြောကြားခဲ့သည်။

ဆိုင်း(ကချင်မြေ)

| ရွှေဈေး | |
|---|---|
| ခေါက်ရွှေ | ၁၀၂၀၀၀၀ ကျပ် |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၆၁၅၀၀ ကျပ် |

| ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom) | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၇၀၀၀၀/၇၅၀၀၀၀ ကျပ် |
| CANDA | ၅၆၅၀၀၀ ကျပ် |
| SHAYAN | ၅၆၅၀၀၀ ကျပ် |
| FEILING | ၅၆၅၀၀၀ ကျပ် |
| JIA LING | ၆၈၅၀၀၀ ကျပ် |
| CYCLONE | ၁၀၂၅၀၀၀ ကျပ် |

# စာအုပ်စင်ကလ္လာ


ညီထွန်းလင်း




| လီကာရှင်း |
|---|
| စာရေးသူ = ဗန်းမော်သိန်းဖေ |
| စာအုပ်တိုက် - ပဥ္စင်္ဂစာအုပ်တိုက် |
| တန်ဖိုး = ၃၀၀၀ ကျပ် |

ဟောင်ကောင်သူဌေးကြီး လီကာရှင်း အကြောင်းရေးသားထားတဲ့စာအုပ် ဖြစ်ပါတယ်။ ဆင်းရဲသားဘဝမှ အာရှမှာ အချမ်းသာဆုံးသူဌေးကြီးဖြစ်လာသူ လီကာရှင်း။ ဒီစာအုပ်မှာ လီကာရှင်းရဲ့ စီးပွားရေးအတွေးအခေါ်တွေ၊ စီးပွားရေး အခွင့်အလမ်းကိုရှာဖွေမြင်တတ်ပုံတွေ၊ မြင်တွေ့တဲ့ အခွင့်အလမ်းတွေကို ဘယ်လိုဖြေရှင်းတယ်ဆိုတာတွေနဲ့ သူ့ရဲ့ စီးပွားရေးမဟာဗျူဟာတွေကို ရေးပြထားတဲ့စာအုပ်ဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဒီစာအုပ်ကို ဖတ်ခြင်းအားဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်နေကြသူတွေဟာ အတုယူစရာ စီးပွားရေးမဟာဗျူဟာတွေနဲ့ နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲတွေမှာ စီးပွားရေးအခွင့်အလမ်းကို ဘယ်လိုရှာဖွေနိုင်တယ်ဆိုတာကို သဘောပေါက်နားလည်ကြပါမယ်။

"မကြာခင်မှာ လီကာရှင်းဟာ တရုတ်နိုင်ငံ ရှန်ဟိုင်းစီရင်စုရဲ့မြို့တော် ဂျန်စုမြို့မှာ အမေရိကန်ဒေါ်လာ၁၀ ဘီလီယံတန်တဲ့ လျှပ်စစ်ဓာတ်အားစက်ရုံတစ်ခုကို တည်ဆောက်လိုက်တယ်။ ဒီအချိန်မှာပဲလီကာရှင်းဟာ တရုတ်နိုင်ငံရဲ့အလှကုန်ပစ္စည်းဈေးကွက်နဲ့ ပတ်သက်ပြီး အခွင့်အလမ်းတစ်ခုကို မြင်လိုက်ပြန်တယ်။ တရုတ်နိုင်ငံရဲ့ဝင်ငွေကောင်းလာကြတဲ့ လူလတ်တန်းစားတွေဟာ ဈေးကြီးတဲ့ အလှကုန်တွေကို ဝယ်ယူသုံးလာကြတယ်။ အထူးသဖြင့်အမျိုးသမီးတွေဟာ အနောက်နိုင်ငံက ထုတ်လုပ်တဲ့ မျက်နှာလိမ်းတဲ့ ကရင်မ်၊ဆံပင်ဆိုးဆေး၊ နှုတ်ခမ်းနီ၊မိတ်ကပ်စတဲ့ အလှကုန်တွေကို စိတ်ဝင်စားနေကြတယ်။ ဝယ်ချင်နေကြတယ်။ ဝယ်ဖို့လည်း ငွေကြေးတတ်နိုင်နေကြပြီ။အရင်ကွန်မြူနစ်အစိုးရ လက်အောက်မှာ တရုတ်အမျိုးသမီးတွေဟာ အလှပြင်ဆင်လိမ်းခြယ်ခွင့်မရခဲ့ကြဘူး။ အခုခေါင်းဆောင်ကြီး တိန်ရှောက်ဖိန်လက်ထက်မှာ တရုတ်နိုင်ငံရဲ့ဈေးကွက်ကို နိုင်ငံတကာကို ဖွင့်ပေးလိုက်လို့ နိုင်ငံခြားကပစ္စည်းတွေ တရုတ်နိုင်ငံထဲကို အများကြီး ဝင်လာကြတယ်။ တရုတ်အမျိုးသမီးတွေဟာ အထူးသဖြင့် နိုင်ငံခြားသူတွေလို လှပချင်လာကြတယ်။ ဒါကြောင့်လီကာရှင်းဟာ တရုတ်နိုင်ငံမှာ နိုင်ငံခြားကအလှကုန်တွေကို ထုတ်လုပ်ဖို့ နိုင်ငံခြားကုမ္ပဏီတွေနဲ့ ဆက်သွယ်နေတယ်။ လီကာရှင်းဟာ နောက်ထပ် အခွင့်အလမ်းတစ်ခုကိုလည်း သတိထားလိုက်မိပြန်တယ်။ အဲဒါက တရုတ်နိုင်ငံက ဝင်ငွေကောင်းသူတွေဟာ သူတို့အိမ်တွေကို ပလတ်စတစ်ပန်းတွေနဲ့ အလှဆင်လာကြတယ်ဆိုတာပါ။( စာ - ၁၆၆ မှ)




| ကျွန်တော့်ကိုအမေသတ်ခဲ့တယ် |
|---|
| စာရေးသူ = မင်းခိုက်စိုးစန်၊ ထက်မြတ်နိုင်ဇင် |
| စာအုပ်တိုက် = ကြိုးကြာနီစာပေ |
| တန်ဖိုး = ၂၅၀၀ ကျပ် |

မင်းခိုက်စိုးစန်နဲ့ ညီမဖြစ်သူ ထက်မြတ်နိုင်ဇင်တို့ရဲ့ ဝတ္ထုတိုစုစည်းမှုစာအုပ် ဖြစ်ပါတယ်။ မင်းခိုက်စိုးစန်ကိုတော့ စာဖတ်ပရိတ်တွေနဲ့မိတ်ဆက်ပေးစရာမလိုတော့ဘူး။ အားလုံးသိကြပြီးသားပါ။ ထက်မြတ်နိုင်ဇင်ကတော့ နောက်ပိုင်းဝတ္ထုတို၊ ဝတ္ထုရှည်တွေကို အရေးစိုက်လာတဲ့ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ မင်းခိုက်စိုးစန်ရဲ့ညီမပီပီ ဆရာမထက်မြတ်နိုင်ဇင်ရဲ့ အရေးအသားတွေဟာလည်း မခေပါဘူး။ ယခုစာအုပ်ကတော့ မောင်နှမနှစ်ယောက်ရဲ့ ဝတ္ထုခေါင်းစဉ်တစ်ခုထဲအောက်က ဝတ္ထုနှစ်ပုဒ်ကိုယှဉ်တွဲဖတ်နိုင်မယ့် အိုင်ဒီယာအသစ်တစ်ခုလည်း ဖြစ်ပါတယ်။ ဆရာမ ထက်မြတ်နိုင်ဇင်ရဲ့ အရေးအသားတွေကို လေ့လာနိုင်မယ့် စာအုပ်တစ်အုပ်ဆိုရင်လည်း မမှားပါဘူး။

ကျွန်တော့်အတွက် ကတော့ လူလာဖြစ်ရတာ အပြစ်ဒဏ်တစ်ခု ခံယူဖို့သက်သက်လိုပါပဲ။ ကျွန်တော့်ကို လူလိုသူလိုနေရဖို့ ဘာအစီအစဉ်မှ မရှိဘဲနဲ့ အမေ့ဗိုက်ထဲကနေထွက်ခဲ့ရတယ်။ အမေဟာ ကျွန်တော့်အနာဂတ်ကို မစဉ်းစားထားဘူး။ အမေဟာ ကျွန်တော့်ကိုပညာသင်ပေးဖို့ မစဉ်းစားထားဘူး။ အမေဟာ ကျွန်တော့်ကို လူတစ်ယောက်အဖြစ် ကြီးပြင်းလာဖို့ လိုအပ်တာဘာတစ်ခုမှ မစီစဉ်ထားဘူး။

အမေဟာ အဖေ့ကိုရဖို့ လက်နက်တစ်ခု အဖြစ်လောက်ပဲ သဘောထားပြီး ကျွန်တော့်ကိုမွေးခဲ့တယ်။ ကျွန်တော်ဟာအစကတည်းက လူမဟုတ်ခဲ့ပါဘူး။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကြားက ဘေးထွက်ပစ္စည်းတစ်ခုပါ။ အမေဟာ သူလိုချင်တဲ့ အဖေ့ကိုရပြီးသွားတာနဲ့ တစ်ပြိုင်နက်ကျွန်တော့်ရဲ့ အသုံးဝင်မှုအခန်းကဏ္ဍကလည်းပြီးဆုံးသွားတာပဲမဟုတ်လား။

အဲဒီကတည်းက ကျွန်တော်ဟာ အသတ်ခံလိုက်ရတာပါ။ ဖြစ်သလိုနေထိုင်၊ ဖြစ်သလိုရှင်သန်၊ ဖြစ်သလိုကြီးပြင်းဖို့အတွက် (ဘာမှ ရေရာတဲ့အစီအစဉ်မရှိဘဲ) ဖြစ်သလို မွေးထုတ်ခံလိုက်ရတဲ့ ကလေးတွေဟာ ဟောဒီကမ္ဘာပေါ်မှာ ဘယ်နှစ်ယောက်တောင် ရှိနေပြီလဲ။

လူတွေကတော့ သူတို့ကို ကလေးကချေလေးတွေ၊ ပညာမဲ့ကလေးတွေလို့ ခေါ်ကြလိမ့်မယ်။ ကျွန်တော်ပြောပြချင်တာကတော့ သူတို့ဟာ မမွေးခင်ကတည်းက အသတ်ခံထားရတဲ့ ကလေးတွေပါပဲ။ ကျွန်တော့် ဘယ်ဘက်ရင်အုံပေါ်ကို လက်ဖဝါးနဲ့ အသာလေးတင်ကြည့်လိုက်တယ်။ နှလုံးခုန်သံကို မကြားရဘူး။ ကျွန်တော့်အနာဂတ်ဟာလည်း နှလုံးခုန်သံနဲ့အတူ ရပ်တန့်နေခဲ့ပြီလေ။ (စာ ၂၀၆ မှ)

# မြစ်ကြီးနားမြို့ကုန်စည်ဈေးနှုန်း
( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| ဧောရှုတ် (၁ပြည်) | ၂၀၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၃၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန် ငါးပိ (၁ပိဿာ) | ၁၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် (၁ပိဿာ) | ၅၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၂၅၀၀ကျပ် |
| ပဲစဉ်းငုံ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်သီး ခြောက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၃၀၀ ကျပ် |

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အသွင်တူဆောင်ရွက်ခြင်းအခမ်းအနားသို့ တက်ရောက်လိုသည့် ကချင်ပြည်နယ်မှလူငယ်များ လျှောက်ထားနိုင်



မြစ်ကြီးနား၊ အောက်တိုဘာ ၁၇

တစ်နိုင်ငံလုံးရှိ တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားများ ဦးဆောင်၍ ရန်ကုန်မြို့ NRPC ရုံးတွင် ပထမဆုံးအကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် အသွင်တူငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ကချင်ပြည်နယ်မှ ကျောင်းသား၊ လူငယ်များ လျှောက်ထားနိုင်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်နှင့် တောင်ကြီးတက္ကသိုလ်တို့မှ ကျောင်းသားများက ဦးဆောင်၍ ရန်ကုန် NRPC (National Reconciliation and Peace Center) ရုံးတွင် နိုဝင်ဘာလ ၁၉ မှ ၂၄ ရက်အထိ ၆ ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၂၁ ရာစုပင်လုံညီလာခံကို အခြေခံပြီး အသွင်တူပြုလုပ်သွားမည့် ငြိမ်းချမ်းရေးညီလာခံတွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းမှ အစုအဖွဲ့အသီးသီး၏ ရပ်တည်ချက်များ၊ အကျိုးစီးပွားများနှင့် မူဝါဒအသီးသီးကို လေ့လာသင်ယူနိုင်ရန် ဆွေးနွေးကြမည်ဖြစ်ကြောင်းနှင့် ညီလာခံအကြိုရက်များတွင် လိုအပ်သော သင်တန်းများလည်း ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၁၇ နှစ်မှ ၂၄ နှစ်အတွင်းရှိ စိတ်ဝင်စားသည့် ကျောင်းသူ/သားများ အနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အမှန်တကယ် စိတ်ဝင်စားသူနှင့် ညီလာခံတစ်လျှောက် မိမိကျရာကဏ္ဍတွင် ကိုယ်စားပြုပေးနိုင်သူများ ဖြစ်ရမည်ဖြစ်ပြီး အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစုများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပြုလွှာများကို အွန်လိုင်းမှတစ်ဆင့် ဖြည့်သွင်းပေးပို့ရမည်ဖြစ်ပြီး Model UPC Myanmar Facebook Page သို့မဟုတ် http://modelupc.ml တွင်လည်း အသေးစိတ် ဝင်ရောက်လေ့လာနိုင်ကြောင်း၊ အဆိုပြုလွှာများကို နိုဝင်ဘာလ ၂ ရက် နေ့တွင် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ကြောင်း၊ ရွေးချယ်ခံရသော ကျောင်းသူ/သား ကိုယ်စားလှယ်များကို နိုဝင်ဘာလ ၁၂ ရက်တွင် တရားဝင်ထုတ်ပြန်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းနှင့် ပြည်နယ်အသီးသီးမှ ရွေးချယ်ခံရသော ကျောင်းသူ/သား ကိုယ်စားလှယ်များအတွက် ညီလာခံအဆုံးအထိ ခရီးစရိတ်၊ စားသောက်စရိတ်၊ နေထိုင်စရိတ်များ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး လွှတ်တော်အချိုးအစားအရ ဒေသအသီးသီးရှိ လူငယ်များကို ရာခိုင်နှုန်းခွဲခြားသတ်မှတ်ရွေးချယ်သွားမည်ဖြစ်ရာ ကချင်ပြည်နယ်မှ ကိုယ်စားလှယ်အဖြစ် လူငယ် ၄ ဦးပါဝင်ခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

ထိုညီလာခံအတွက် တိုင်းနှင့် ပြည်နယ်အသီးသီးသို့ လိုက်လံဟောပြောလျက်ရှိရာ ကချင်ပြည်နယ်၊ မြစ်ကြီးနားတွင် အောက်တိုဘာလ ၁၆ ရက်နေ့က နောင်နန်းစင်တာတွင် လာရောက် ဝေမျှသွားခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ကျင်းပခြင်းမှာ လူငယ်များအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပိုမိုနားလည်လာပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လက်တွေ့ကျကျ လေ့လာနိုင်ရုံသာမက တစ်နိုင်ငံလုံးရှိ မတူညီကွဲပြားသော လူငယ်များအချင်းချင်း အချိတ်အဆက်များရလာစေရန် ဖြစ်ကြောင်း ဗဟိုကော်မတီအဖွဲ့ဝင် မမေရီမွန်းခေါန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ဒီဆွေးနွေးပွဲက ရလဒ်တွေက ငြိမ်းချမ်းရေးညီလာခံကိုတော့ ဘာမှ အကျိုးသက်ရောက်မှာတော့ မဟုတ်ဘူး။ ဒါပေမဲ့ Learning Process အနေနဲ့သွားမယ်။ လူငယ်တွေအနေနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးဝိုင်းလေးက အဓိကကလူကြီးတွေ ဘယ်လိုတွေ ဆွေးနွေးနေလဲဆိုတာကို သိစေချင်တယ်။ လူငယ်တွေ အများပိုင်းကတော့ ဒီလိုဆွေးနွေးပွဲတွေမှာ ပါဝင်ခွင့်မရဘူးဆိုတော့ အခွင့်အရေးပေးချင်တယ်။ ပြီးတော့ မြန်မာတစ်နိုင်ငံလုံးကကျောင်းသားတွေအချင်းချင်းရော ချိတ်ဆက်မှုတွေ ရှိလာစေချင်တယ်”ဟု မမေရီမွန်းခေါန်က ပြောသည်။

လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ နောက်ခံမတူညီသော လူငယ်များအချင်းချင်းကြား နားလည်မှု၊ အပြန်အလှန်သည်းခံမှုနှင့် သဟဇာတဖြစ်မှုများ တိုးပွားလာစေရန် လူငယ်များငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းမှ အစုအဖွဲ့အသီးသီး၏ အကျိုးစီးပွားများနှင့် ညှိနှိုင်းဖြေရှင်းပုံများ၊ အကျပ်အတည်းများကို နားလည်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

Ann

# ဝတ်လစ်စလစ် ဇာတ်ဝင်ခန်းကြောင့် ဝေဖန်မှုများနေသော “ဒဏ္ဍာရီအလွမ်း” ကချင်ဇာတ်ကားကို ထုတ်လုပ်ဖြန့်ချိရန် ရပ်ဆိုင်းထား




မြစ်ကြီးနား၊ အောက်တိုဘာ ၁၉

အဝတ်အစားမပါဘဲ ဝတ်လစ်စလစ်နှင့် ရိုက်ကူးထားသည့် ဇာတ်ဝင်ခန်းကြောင့် ဝေဖန်မှု များပြားနေသော “ဒဏ္ဍာရီအလွမ်း”ကချင်ဇာတ်ကားကို ထုတ်လုပ်ဖြန့်ချိရန် ရပ်ဆိုင်းထားလိုက်ပြီဖြစ်ကြောင်း သိရသည်။

ကချင်ဝေါလ်ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးထားပြီး အောက်တိုဘာလ ၁၁ ရက်နေ့ညက Facebook မှာ လွှင့်တင်ခဲ့သော ၆ မိနစ်စာ နမူနာဇာတ်လမ်းထဲတွင် မင်းသားဖြစ်သူက အဝတ်အစားမဝတ်ဘဲ ရေကန်ထဲဆင်းသွားသော ဇာတ်ဝင်ခန်းနှင့် အခမ့မြူကျင့်သည့်အခန်းတွင်လည်း အမျိုးသမီး၏ ရင်သားကိုကိုင်တွယ်သည့်အခန်းနှင့် အောက်ခံဘောင်းဘီဖင်အောက်လျှောချထားကာ မုဒိမ်းကျင့်ဟန် ရိုက်ကူးထားသည့် အခန်းကြောင့် ကချင်ဇာတ်ကားပရိတ်သတ်များ၏ ဝေဖန်မှုကို ခံနေရသည့်အတွက် ထုတ်လုပ်ဖြန့်ချိခြင်းကို ရပ်နားထားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

“ကျွန်တော့်အနေနဲ့ အခုချိန်မှာ ဒီဇာတ်ကားနဲ့ ပတ်သက်ပြီးပြောနိုင်တာက ဆုံးဖြတ်ထားတာ တစ်ခုပဲရှိတယ်။ လက်တလောအချိန်မှာ လူမှုကွန်ရက်တွေအပေါ်မှာကော (နမူနာ တင်ထားတာတောင် ပြန်ဖြုတ်လိုက်ပါပြီ) မတင်တော့ဘူး။ ဖြန့်လည်း မဖြန့်သေးပါဘူး။ ပြင်ဆင်ဖို့အချိန်လိုအပ်နေပါသေးတယ်” ဟု ရိုက်ကူးခဲ့သည့် ဒါရိုက်တာ ကိုလယော်ခေါင်ဇယ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို ဝေဖန်ခံနေရသော “ဒဏ္ဍာရီအလွမ်း” ဇာတ်ကားကို လွန်ခဲ့သည့် ၃ နှစ်ကျော်က ရိုက်ကူးထားပြီး၊ ကချင်ပြည်နယ် ပန်ဝါဒေသ၊ တိဘက်နယ်စပ်ရှိ ဖရဲဒေသများတွင် ရိုက်ကူးခဲ့ကာ အချိန်ကာလအားဖြင့် တစ်လခန့်ကြာမြင့်ခဲ့သည်ဟု ကိုလယော်ခေါင်ဇယ်က ပြောသည်။

“ရိုးရာဇာတ်ကား ဆိုပေမယ့် ဆန်းသစ်တွေးတောပြီး ရိုက်ကူးခဲ့တဲ့ ကချင်ဇာတ်ကားလည်း ဖြစ်ပါတယ်”ဟု ကိုလယော်ခေါင်ဇယ်က ပြောသည်။

ဒါရိုက်တာ လယော်ခေါင်ဇယ်နှင့် ကချင်အနုပညာရှင်အသင်းချုပ်မှ ခေါင်းဆောင်များတွေ့ဆုံကာ လိုအပ်ချက်များကို ပညာပေးခြင်း၊ ဆွေးနွေးခြင်းများလည်း ပြုလုပ်ခဲ့ပြီဖြစ်ကြောင်း ကချင်အနုပညာရှင်အသင်းချုပ်၏ လူမှုကွန်ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ထို ထုတ်ပြန်ချက်တွင် “ပြည်သူလူထုများမှ မသင့်လျော်ကြောင်းအပြောများလာတဲ့အတွက် ဒီဇာတ်ကားကို မပြသ/မဖြန့်ချိတော့ဘူးဟု ဒါရိုက်တာ လယော်ခေါင်ဇယ်မှ ပြောထားကြောင်း” ပါရှိသည်။

ဆိုင်း(ကချင်မြေ)

"Happiness is a perfume you cannot pour on others without getting a few drops on your self"

"ပျော်ရွှင်မှုဆိုတာ
သင့်ကိုယ်မှာ
တစ်စက်မှ မဆွတ်ဘဲနဲ့
သူများကို လိုက်ဖျန်းလို့ မရတဲ့
ရေမွှေးပါ"

ဂျော့(ချ်)ဆန်တာယာနာ
(George Santayana)




၁။ ကျွန်တော်တို့သည် ပျော်ရွှင်ခြင်းကို လိုချင်ကြသည့် သူများပင် ဖြစ်ပါသည်။ အောင်မြင်သည့်ဘဝကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တည်ဆောက်နေကြပါသည်။

ပျော်ရွှင်သည့်ဘဝနေထိုင်မှု၊ ပျော်ရွှင်သည့် မိတ်ဆွေများ၊ ပျော်ရွှင်သည့် လုပ်ငန်းခွင်ဌာန၊ ပျော်ရွှင်သည့် နေရာ၊ ပျော်ရွှင်သည့် ဝန်းကျင်၊ ပျော်ရွှင်ခြင်းကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ရှာဖွေနေကြသည့် ကျွန်တော်တို့၏ ဘဝတွင် တကယ့်ပျော်ရွှင်မှုဆိုသည်ကို ဖမ်းဆုပ်မိဖို့ လိုအပ်ပါသည်။

တချို့က ငွေကြေးပေါင်းများစွာ ပိုင်ဆိုင်ကြသည်။ သို့သော် မပျော်ရွှင်ကြ။ ငွေပုံကြီးပေါ်မှာ မပျော်။ ဟိုတယ်ကြီးပေါ်မှာမပျော်။ လမ်းမကြီးပေါ်က ဆင်းရဲသားတွေကရော ပျော်ကြရဲ့လား။

ပျော်ရွှင်မှုဆိုသည်ကို ရှာဖွေရင်း၊ ပျော်ရွှင်ခြင်းဆိုသည်ကို အဓိပ္ပါယ်ဖော်ရင်း မပျော်မရွှင်ဖြစ်နေကြရသည့် လူတွေဒုနဲ့ဒေး။

ပျော်ရွှင်မှုဆိုတာ ဘာလဲ။

ငွေရေးကြေးရေးလား။

ပိုက်ဆံတွေ ရေလိုသုံးနေသည့် မိတ်ဆွေတစ်ယောက်က "ငါမပျော်ဘူးကွာ၊ အချိန်ရှိသရွေ့ အလုပ်ထဲမှာ နေနေရတာ။ လိုချင်တာတွေ ရပေမယ့် မပျော်ဘူး။ စားချင်တာတွေ စားရတယ်။ မပျော်ဘူး။ စိတ်ရှုပ်စရာ၊ စိတ်ညစ်စရာတွေချည်းပါပဲကွာ"ဟု ညည်းတွားသည်ကို ကြားရဖူးသည်။

ပျော်ရွှင်မှုဆိုသည်မှာ ငွေကြေးမဟုတ်ကြောင်းသူ့စကားသံထဲမှာ တွေ့နေရပါသည်။ ဤသို့ဆိုလျှင် ပျော်ရွှင်မှုအစစ်အမှန်ဆိုတာ ဘာလဲ။ ပျော်ရွှင်မှု အစစ်အမှန်ဆိုတာ ဘယ်မှာလဲ။

အောင်မြင်သည့် ဘဝ၊ နေပျော်သည့်ဘဝဆိုတာ ဘာလဲ။

သစ်ချ်နတ်ဟန်း (Thich Nhat Hann) ဆိုသူ၏ စာသားတစ်ခုကို သတိရမိ၏။

The amount of happiness that you have depends on the amount of freedom you have in your heart.

"သင့်ရဲ့ ပျော်ရွှင်မှု ပမာဏဟာ
သင့်နှလုံးသားရဲ့
လွတ်လပ်မှုပမာဏပေါ်မှာ
မှီခိုနေတယ်"ဟူ၏။

တချို့က ဟင်းကောင်းတစ်ခွက်စားနေရလျှင် ပျော်သည်။ တချို့က ဖုန်းအသစ်တစ်လုံးရလျှင် ပျော်သည်။ တချို့က ခရီးထွက်ရလျှင် ပျော်သည်။ တချို့က မိသားစုနှင့်အတူ နေရလျှင် ပျော်သည်။ တချို့က သီချင်းဆိုနေရလျှင်ပျော်သည်။ တချို့က ငါးမွေးနေရလျှင် ပျော်သည်။

ဘဝတွင် ပျော်ရွှင်မှုက ပုံသဏ္ဍာန်အမျိုးမျိုး ရှိနေတတ်ပြီး လူတို့၏ စိတ်အခြေအနေပေါ်မူတည်၍ ပြောင်းလဲတည်ရှိနေတတ်သည်မှာ သေချာပါသည်။

ဒေါက်တာမင်းတင်မွန်၏ ပျော်ရွှင်အောင်မြင်သော နေထိုင်နည်းစာအုပ်ထဲတွင် "စစ်မှန်သောပျော်ရွှင်ချမ်းမြေ့မှုကို ရှာဖွေနည်း"ကို ရေးသားထားသည်မှာ ဤသို့ဖြစ်သည်။

"ပျော်ရွှင်ချမ်းမြေ့မှုသည် ကိုယ်တိုင်ပြင်းပြသော ဆန္ဒဖြင့် ရယူရမည့် ဆုလာဘ်ဖြစ်သည်။ စိတ်ရှည်လက်ရှည် ကြိုးစားအားထုတ်သူတို့သာ ဆွတ်လှမ်းနိုင်သော ဆုလာဘ်ဖြစ်၏။ အပြေးပြိုင်ပွဲ၏ တာတစ်ဝက်ကို သင်ပြေးခဲ့ပြီ။ ယခုထပါလော့။ ဆက်ပြေးပါက ပန်းတိုင်သည် ရှေ့အကွေ့တွင် ရှိပါ၏။

မေတ္တာတရားဖြင့် တည်ဆောက်သော ပျော်ရွှင်မှုကတော့ စစ်မှန်သော ပျော်ရွှင်မှုလမ်းစဟု ကျွန်တော် ယုံကြည်မိပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးထွန်းကားသည့် ပျော်ရွှင်မှုမျိုးကို တည်ဆောက်ရန် အရေးကြီးလှပါသည်။

ကရုဏာတရားမှ ဆင်းသက်လာသော ပျော်ရွှင်မှုသည် ကျွန်တော်တို့၏ စိတ်နှလုံးကို ဝါဂွမ်းစိုင်ပမာ ပေါ့ပါးလွတ်မြောက်စေပါလိမ့်မည်။ ကျွန်တော်တို့၏ ကိုယ်ခန္ဓာထဲမှာ ပျော်ရွှင်မှုကိုရှာဖို့ ဗုဒ္ဓက လမ်းညွှန်ခဲ့ပါသည်။ အတွင်းသဘော မငြိမ်းချမ်းသောအခါ ပြင်ပသည် မငြိမ်းချမ်းနိုင်ပါ။ လောဘ- ဒေါသ - မောဟတို့ ဖုံးလွှမ်းနေသော အတွင်းသားမှ ပြင်ပကမ္ဘာသည် ရောင်ပြန်ဟပ်လာရပါသည်။ ကြည်ရွှင်သော နှလုံးမှ ပျော်ရွှင်သော မျက်နှာ ဖြစ်ပေါ်လာရသည်။ အတွင်းငြိမ်းချမ်းခြင်းသည် အပြင်ငြိမ်းချမ်းခြင်းပင် ဖြစ်ပါသည်။

မရှိဆင်းရဲသားတစ်ယောက်ကို ပေါင်မုန့်တစ်လုံး ကျွေးဖူးပါသလား။ ထို ဆင်းရဲသားစားနေသည့် ပေါင်မုန့်ကိုက်ဖွဲ့သံသည် သင့်နှလုံးဆီသို့ ပြေးဝင်လာပြီး သင်၏ကရုဏာတရားကို ပိုမိုလင်းလက်အောင် ဆောင်ရွက်နိုင်စွမ်း ရှိပါသည်။

သင်၏ စွန့်လွှတ်ပေးကမ်းမှုအတွက် တစ်ပါးသူပျော်ရွှင်နေသည်ကို ကြည့်၍ လိပ်ပြာတစ်ကောင်လို သင်ပေါ့ပါးလွတ်လပ်နေလျှင် သင်၏ပျော်ရွှင်မှုအစစ်အမှန်ကို ရရှိနေပြီဖြစ်ပါသည်။ ထိုပျော်ရွှင်မှုမျိုးသာ သင်၏အတွင်းအဇ္ဈတ္တမှာ အစဉ်စိုက်ပျိုးထားလျှင် ပျော်ရွှင်မှုအသီးအပွင့်များ သီးပွင့်လာမည်မှာ အမှန်ဖြစ်ပါသည်။

ကမ္ဘာကြီးက သင်၏ ကျွန်ုပ်တို့၏ ပျော်ရွှင်မှုကို စောင့်နေပါသည်။ စစ်မှန်သော ပျော်ရွှင်မှုအတွက် ကမ္ဘာကြီး၏ တစ်နေရာမှာ တစ်စုံတစ်ခုသော ကမ်းလက်များက စောင့်ကြိုနေပါလိမ့်မည်။ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာများဖြင့်လည်း ကျွန်တော်တို့၏ ပျော်ရွှင်မှုကို တည်ဆောက်နိုင်ပါသည်။

ပုံပြင်တစ်ပုဒ် ရှိပါသည်။ ပျော်ရွှင်အောင်မြင်သော နေထိုင်နည်းစာအုပ်ထဲမှ ပုံပြင်ဖြစ်ပါသည်။ ကူးယူဖော်ပြချင်ပါသည်။

"တစ်ခါက ဘုန်းကြီးတစ်ပါးရှိရာ သူတရားဟောပြောရန် အနှစ်သက်ဆုံး ခေါင်းစဉ်မှာ "ကောင်းကင်ဘုံနှင့်ငရဲ" ဖြစ်၏။

ဘုန်းတော်ကြီးက ဤ အကြောင်းကို ထပ်ကာထပ်ကာ ဟောပြောနေရာ ကြားရဖန်များ၍ ငြီးငွေ့လာသော ဒကာတစ်ဦးက တစ်နေ့တွင် မတ်တပ်ရပ်၍ မေးလျှောက်၏။

"ဒီ ကောင်းကင်ဘုံနဲ့ငရဲပြည်ဆိုတာ ဘယ်မှာရှိသလဲ။ တပည့်တော်ကို ပြောပြပါ။ အရှင်ဘုရားပြောနိုင်ရင် အရှင်ဘုရားကို လူလိမ်လူညာလို့ တပည့်တော် ခေါ်ရလိမ့်မည်"

ဘုန်းကြီးသည် အပြစ်ကင်းသူဖြစ်၍ ကြောက်ရွံ့လာ၏။ အဖြေပေးမည့်အစား သူ ဆိတ်ဆိတ်နေလိုက်၏။ ဤ ဆိတ်ဆိတ်နေခြင်းသည် ထိုဒကာယောက်ျားအား ပို၍ စိတ်ဆိုးစေသဖြင့် ထိုသူက အော်ပြောလိုက်၏။

"တပည့်တော် မေးတာကို ဖြေပါ။ ဒါမှမဟုတ် အရှင်ဘုရားကို တပည့်တော် ရိုက်နှက်ရလိမ့်မယ်"

ဘုန်းကြီးသည် အလျင်အမြန်စဉ်းစားပြီးသော် ဤသို့ ဖြေကြားလိုက်၏။

"ငရဲဆိုတာ ယခု သင့်ဝန်းကျင်မှာ သင့်ဒေါသနှင့်တူ၏"

ထိုအမျိုးသည် အမှန်ကို သိလာသည့်အတွက် ငြိမ်ဝပ်သွားပြီးလျှင် စတင်ပြုံးရယ်၏။ ထို့နောက် . . .

"ဒီလိုဆိုရင် ကောင်းကင်ဘုံက ဘယ်မှာရှိသလဲ"ဟု ထပ်မေး၏။

ဘုန်းကြီးက ဤသို့ ပြန်ဖြေ၏။

"ကောင်းကင်ဘုံက ယခု သင့်ဝန်းကျင်မှာ သင့်ရဲ့ ပြုံးရယ်ခြင်းနဲ့ အတူရှိတယ်"

* * *

ကျွန်တော်တို့၏ ပတ်ဝန်းကျင်တွင် ကျွန်တော်တို့၏ ပျော်ရွှင်ခြင်းများ ရှိနေပါသည်။

ကျွန်တော်ကတော့ ပျော်ရွှင်ချင်ပါသည်။

ပတ်ဝန်းကျင်ကိုလည်း ပျော်ရွှင်စေချင်ပါသည်။

ကမ္ဘာကြီးကိုလည်း ပျော်ရွှင်စေချင်မိပါသည်။

စာနုဒီ(မြစ်ကြီးနား)

ရည်ညွှန်း-ဒေါက်တာမင်းတင်မွန်၏ ပျော်ရွှင်အောင်မြင်သောနေထိုင်နည်း။

How To Live Without Fear and Worry(II)

# နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အခမ်းအနား မြစ်ကြီးနားတွင်ကျင်းပ

အောက်တိုဘာ ၁၆

အောက်တိုဘာလ ၁၅ ရက်နေ့တွင်ကျရောက်သည့် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်ပွဲကို မြစ်ကြီးနားမြို့တွင် ကျင်းပခဲ့သည်။

အဆိုပါ ၁၇ ကြိမ် မြောက် လမ်းလျှောက်ပွဲကို အောက်တိုဘာလ ၁၅ ရက်နေ့ နံနက် ၆ နာရီခွဲခန့်က မျက်မမြင်ကျောင်းမှဦးစီးပြီး မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက် သခင်နက်ဖေလမ်းနှင့် ဈေးကြီးလမ်းဆုံမှ မြို့တော်ခန်းမအထိ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထိုလမ်းလျှောက်ပွဲတွင် ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ မြစ်ကြီးနားမြို့သူနာပြုသင်တန်းကျောင်းနှင့် ပညာရေးကောလိပ်တို့မှ သင်တန်းသား၊ သင်တန်းသူများ၊ ကချင်ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက မျက်မမြင်များနှင့်အတူ လိုက်ပါလျှက် လမ်းလျှောက်ခဲ့ကြသည်။

ထို့နောက် မြို့တော်ခန်းမတွင်ကျင်းပသည့် အခမ်းအနားတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် ၁၀ သိန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ ငွေကျပ် သိန်း ၂၀၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှငွေကျပ်၉၁၅၀၀၀၊ အလှူရှင်များမှ စုပေါင်းလှူဒါန်းငွေကျပ်၅၃၃၀၀၀၀တို့ကိုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်ကြီးနားမြို့ နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ကို ၂၀၀၂ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ် လမ်းလျှောက်ပွဲတွင် လမ်းလျှောက်သူ စုစုပေါင်း ၁၀၀ ကျော်ခန့်ရှိကြောင်းသိရသည်။

မွန်းမွန်းပန်

# ယောက်ျားလေးလို နေထိုင်တတ်ပေမယ့် ကိုယ်ပိုင်မိသားစုဘဝလေးထူထောင်မယ်၊ အပျိုကြီးလုပ်ဖို့ အစီအစဉ်မရှိဘူးဆိုတဲ့ Rocker မလေး မိုင်းမိုင်ဆိုင်းနဲ့ တွေ့ဆုံခြင်း

Benadeth မေးမြန်းသည်။

ဒီအပတ်ရဲ့အနုပညာကဏ္ဍမှာ တွေ့ဆုံမေးမြန်းထားတဲ့သူကတော့ကချင်ပြည်နယ်၊ဖားကန့်ဆိပ်မူဇာတိဖွား အဆိုတော်မလေး မိုင်းမိုင်ဆိုင်းပဲ ဖြစ်ပါတယ်။ မိုင်းမိုင်ဆိုင်းဟာ မောင်နှမငါးယောက်ထဲမှာ စတုတ္ထမြောက်သမီးဖြစ်ပြီး သူဟာမြစ်ကြီးနားတက္ကသိုလ်မှာ တတိယနှစ် အင်္ဂလိပ်စာမေဂျာနဲ့ ကျောင်းတက်နေတဲ့ အချိန် မိသားစုအခက်အခဲကြောင့် ကျောင်းနားပြီး အလုပ် လုပ်ကိုင်ခဲ့တယ်။ နောက်ပိုင်း သူမဟာ Myanmar Idol Seasom II ဝင်ပြိုင်ရင်း အများနဲ့မတူတဲ့ ရှတတ Crush Tone အသံလေးနဲ့ အသံအားခပ်ပြင်းပြင်းကြောင့် ထင်ရှားလာတဲ့သူ ဖြစ်တယ်။ မိုင်းမိုင်ဆိုင်းရဲ့ လတ်တလော အနုပညာလှုပ်ရှားမှုတွေ၊ သူ့ရဲ့အတွေ့အကြုံတွေ၊ သူ့ရည်မှန်းချက်တွေ၊ သူ့အိမ်ထောင်ရေးတွေနဲ့ပတ်သက်ပြီး မြစ်ကြီးနားသတင်းဂျာနယ်က မေးမြန်းထားတာတွေကို ပြန်လည် မျှဝေပေးလိုက်ရပါတယ်။

**မိုင်းမိုင်ရဲ့နာမည်က အရင်းလား။ အနုပညာနာမည်လား။ မွေးနေ့ကို ပရိသတ်တွေကို ပြောပြပေးပါဦး။**

အဖွားပေးထားတဲ့နာမည်ကတော့ ဆိုင်းဘူပါ။ မိုင်းမိုင်ဆိုင်းဆိုတဲ့နာမည်ကတော့ အနုပညာအလုပ်လုပ်တဲ့ နောက်ပိုင်းခေါ်တာပေါ့။ မွေးသက္ကရာဇ်ကတော့ ၁၈. ၄. ၁၉၉၃ တနင်္ဂနွေသမီးပါ။

**သူငယ်ချင်းတွေကရော မိုင်းမိုင်ကို ဘယ်လိုခေါ်ကြလဲ။**

ငမိုင်၊ ဝက်မ၊ ကျီးမိုင်ပေါ့။ ဘာလို့ဆို မိုင်းမိုင်က ယောက်ျားလေးလိုပဲနေတော့ အကုန်လုံးက အစ်မကြီးတစ်ယောက်လိုမဟုတ်ဘဲနဲ့ အစ်ကိုကြီးတစ်ယောက်လို သဘောထားကြတယ်။ ကွီး. . အဲ့လိုခေါ်တာတွေတော့ ရှိပါတယ်။

**မိုင်းမိုင်ကိုယ်တိုင်က ယောက်ျားလေးတစ်ယောက်လို နေထိုင်ရတာ ကြိုက်တာပေါ့။ ပြီးတော့ မိုင်းမိုင်ရဲ့သူငယ်ချင်းအများစုကို ကြည့်ရင်လည်း ယောက်ျားလေးတွေ ပိုများတာတွေ့ရတယ်နော်။ ပင်ကိုယ်စတိုင်လ်ကရော ဘယ်လိုမျိုးရှိလဲ။**

ယောက်ျားလေးလို နေတာတော့ကြိုက်ပါတယ်။ ဒါပေမဲ့ ယောက်ျားစိတ်တော့ မဟုတ်ဘူးပေါ့နော်၊ မိန်းကလေးစိတ်ပဲ၊ လွတ်လွတ်လပ်လပ်ပေါ့ ပေါ့ပါးပါး နေရတာကြိုက်တယ်။ အဝတ်အစားဆိုရင်လည်း မိန်းကလေးလိုမျိုး ဂါဝန်တို့၊ စကပ်တို့ ထက်ဘောင်းဘီလေးနဲ့ တီရှပ်လေးနဲ့ဝတ်ရတာ ပိုကြိုက်တယ်။ ယောက်ျားလေးသူငယ်ချင်း များတာကတော့၊ မိန်းကလေးတွေနဲ့တော့ သိပ်မပေါင်းဖြစ်ဘူး။ မိန်းကလေးတွေက နည်းနည်းပေါင်းရခက်တယ်။ စိတ်ဆိုးစိတ်ကောက်နဲ့ ကိုယ်ကလည်း စကားပြောကောင်းတဲ့ထဲ မပါတော့ မိန်းကလေးတွေနဲ့ သိပ်မပေါင်းဖြစ်တာပါ။ ယောက်ျားလေးတွေဆိုရင် တစ်ခုခုပြောမယ်ဆိုရင် ပြောမနာဆိုမနာနဲ့ ပြောရဆိုရလွယ်တယ်။ စိတ်ထဲမှာ သိပ်မမှတ်ထားတတ်ဘူး။ အဲ့ဒီတော့ ယောက်ျားလေးသူငယ်ချင်း ပိုထားဖြစ်တာပေါ့။ ပင်ကိုယ်စတိုင်လ်ဆိုရင်တော့ လွတ်လွတ်လပ်လပ်ပဲနေတယ်။ ကိုယ့်ရဲ့အပြောအဆိုတွေက သူများကို မထိခိုက် မနစ်နာဘူးဆိုရင် ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်ဘူး။ ဘယ်သူ့ကိုမှလည်း ထိခိုက်နစ်နာအောင် လုပ်တာလည်းမရှိဘူး။ မထိခိုက်မနစ်နာဘူးဆိုရင် စိတ်ထဲရှိတဲ့အတိုင်း ပေါ့ပေါ့ပါးပါးနေတယ်။

**အဆိုတော်အလုပ်ကို ဘယ်လိုရွေးချယ်ဖြစ်ခဲ့တာလဲ။ ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တာလား။**

အဆိုကိုတော့ အဲ့လောက်ထိရူးသွပ်ခဲ့တာတော့ မဟုတ်ဘူး။ အဲ့ဒါက အံ့သြဖို့တော့ကောင်းတယ်။ ငယ်ငယ်က အဲ့လို အနုပညာ၊ သီချင်းဆို အရမ်းကြိုက်တယ်ဆိုတာတို့ သိပ်မရှိဘူး။ ဒါပေမဲ့ ငယ်ငယ်ကတည်းက အရမ်း အာပြဲတယ်။ အရမ်းရဲတဲ့အထဲမှာ ပါတယ်။ မူကြိုကနေစပြီး အဲ့လို စင်ပေါ်တက်ရတာလည်း မကြောက်ဘူး။ ကျမ်းစာပြိုင်ပွဲတို့၊အကပြိုင်ပွဲတို့ဆိုရင်လည်း ဝင်ပြိုင်ရဲတယ်ပေါ့နော်။ သီချင်း ဆိုတာကတော့ ကြီးလာတဲ့အခါမှပေါ့။ ကိုယ့်ကိုယ်ကိုယ် အသံကောင်းတယ်လို့ ထင်တာတော့ မဟုတ်ဘူး။ အော်. . . ငါ့အသံက သီချင်းဆိုစားလို့တော့ ရနိုင်တယ်ပေါ့နော်။ ဆယ်တန်းပြီးမှ တက္ကသိုလ် Fresher Welcome မှာ သီချင်း ဆိုချင်တဲ့သူ ဆိုလို့ရတယ်ဆိုတော့ နီနီခင်ဇော်ရဲ့ သီချင်းနဲ့ ဝင်ဆိုဖြစ်ခဲ့တယ်။ အဲ့ဒီမှာ သူငယ်ချင်းတွေက နင့်အသံ အရမ်းကောင်းတယ် ကောင်းတယ်နဲ့ ပြောတော့ ကိုယ်ကလည်း အဲ့ဒီမှာ မွေ့လျော်သွားတယ် ပေါ့လေ။ နောက်ပိုင်းမှာ ရှိုးပွဲတွေလည်း ဆိုဖြစ်လာတယ်။ စားသောက်ဆိုင်မှာလည်း သီချင်းဆိုဖြစ်ရင်း သူငယ်ချင်းတွေက မြင်ပြီး ပွဲရှိရင်ခေါ်ဆို အဲ့လိုနဲ့ ဒီလမ်းကြောင်းပေါ် ရောက်လာတာပေါ့။

**Myanmar Idol Season II ကို ဘယ်လိုဝင်ပြိုင်ဖြစ်ခဲ့တာလဲ။**

Myanmar Idol ကိုကျတော့ Season I ကနေ စိတ်ဝင်စားခဲ့တာ။ ငါလည်း ဝင်ပြိုင်မလားပေါ့၊ သူငယ်ချင်းတွေလည်း နင်ဖြစ်ပါတယ်၊ ပြိုင်ကြည့်ဆိုတော့ . . ကိုယ့်အသံကလည်း သူများနဲ့သိပ်မတူဘူး။ အသံက အရမ်း မိန်းမမဆန်တဲ့အထဲပါတော့ ရှားတယ်ပေါ့လေ၊ သူတို့က အဲ့လိုပြောပြီးဝင်ပြိုင်ဆိုပြီး အကြံပေးတော့ Season II က ကျတော့မန္တလေးမှာ သွားရမှာ၊ အဲ့ဒီတုန်းက မိုင်းမိုင်က သွားပြိုင်ဖို့အတွက် သွားတာမဟုတ်ဘူး။ တရုတ်ပြည်ဘက် အရောင်းပစ္စည်းတွေ သွားဝယ်ရင်း သူငယ်ချင်းတွေက အဲ့မှာဝင်ပြိုင်နေတော့၊ သူတို့က မိုင်းမိုင်ကို နင်ဝင်ပြိုင်ကြည့်ပါလားဆိုတော့ ကိုယ်လည်းဝင်ပြိုင်ကြည့်တာ၊ဘုရားက နင့်အလှည့်ရောက်ပြီဆိုပြီး ရွေးချယ်တဲ့အထဲ ပါသွားတာ ဘုရားရဲ့ကောင်းချီးကြောင့် ပါသွားတာပေါ့။

**အဲ့ဒီတုန်းက ပြိုင်ပွဲဝင်တော့ ခက်ခဲခဲ့တဲ့အပိုင်းတွေရော ရှိခဲ့လား။ ဘယ်လိုကျော်ဖြတ်ခဲ့ရလဲ။**

ခက်ခဲခဲ့တာတော့ ရှိပါတယ်၊ ကိုယ်က နဂိုကတည်းက ချမ်းသာတဲ့သားသမီးထဲက မဟုတ်ဘူးဆိုတော့ ငွေရေးကြေးရေးအစ ဘယ်လိုပြောရမလဲ။ သွားပြိုင်တော့ ငွေရေးကြေးရေး အဲ့လောက်တော့ မလိုဘူးပေါ့လေ။ ဒါပေမဲ့ကိုယ်က ဒီမှာလာပြိုင်လိုက်တော့ မိဘတွေက အဆင်မပြေတာတွေ ရှိလာတယ်။ ခြောက်လလောက်က ဒီမှာပဲဆိုတော့ အိမ်ကိုလည်း မထောက် ပံ့ပေးနိုင်တာတွေ ရှိလာတယ်။ ငွေရေးကြေးရေး နည်းနည်းတော့ ခက်ခဲလာတယ်၊ ကိုယ်ကကချင်တိုင်းရင်းသူဆိုတော့ စကားပြောတာက အစ မပြောတတ် မဆိုတတ်၊ အပြောမှားအဆိုမှားနဲ့ အဲ့လိုတွေ ကြုံတွေ့ခဲ့ရတယ်။ တိုင်းရင်းသူဆိုတော့ စကားမပီတာ သာမက စကားပါဝဲတယ်ဆိုတော့ သီချင်းဆိုတာတွေရော အခက်အခဲတွေအများကြီးဖြစ်ခဲ့ပါတယ်။

**စိတ်ညစ်စရာ အခက်အခဲတွေများလာပြီဆိုရင် ဘယ်လိုတွေလုပ်လေ့ရှိလဲ။**

အရမ်းစိတ်ညစ်ရင်၊ ငိုချင်စရာကောင်းလောက်အောင် စိတ်ညစ်ရင်တော့ ငိုလိုက်တယ်။ အခန်းထဲမှာ တစ်ယောက်တည်း ငြိမ်ငြိမ်လေး နေလိုက်တယ်၊ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ လျှောက်လည်လိုက်တယ်။



**အခုဆိုရင် မိုင်းမိုင်က အခက်အခဲတွေကိုရင်ဆိုင်ကျော်ဖြတ်ပြီး နာမည်ရလာတဲ့အဆိုတော်တစ်ယောက် ဖြစ်လာပြီပေါ့နော်။အဲ့ဒီအပေါ်မှာရောဘယ်လိုခံစားရလဲ။**

ကိုယ့်ရဲ့ဘဝ တက်လမ်းတစ်ခုဖြစ်သွားတယ်ပေါ့လေ၊ အဲ့ဒီတော့ ကိုယ်ကိုယ်တိုင်လည်းပျော်တယ်၊ မိသားစုအတွက်ရော၊ကိုယ့်လူမျိုးအတွက်ရောပျော်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကချင်လူမျိုးတွေက ဘယ်လိုဆိုတာ ပြသခွင့်ရတယ်၊ ကိုယ်တစ်ယောက်တည်းအတွက်နဲ့ ကချင်တွေက ဘယ်စိတ်နေစိတ်ထားရှိတယ်၊ စိတ်ကောင်းရှိတယ် ဆိုတာတွေ၊ အခြား Celebrities တွေနဲ့တွေ့ရင်လည်း အတတ်နိုင်ဆုံး ကျွန်မကကချင်လူမျိုးဖြစ်တယ်ဆိုတာကို အပြောအဆို၊ ပေါင်းသင်းဆက်ဆံရေးကအစ သူတို့တွေ ကိုယ့်ကိုကြည့်ရင်၊ သြော် . . . ကချင်လူမျိုးတွေကစိတ်ထားကောင်းတယ်၊ ဒီလိုရှိတယ်၊ သူများအပေါ် ဘယ်လို ကူညီတတ်တယ်ဆိုတာကို ပြသခွင့်ရတယ်။ အဲ့လိုဆိုတော့ အရမ်းလည်းပျော်တယ်၊ ဂုဏ်လည်းယူတယ်၊ ကိုယ်ကိုယ်တိုင်ရော ကိုယ့်လူမျိုးအတွက်၊ မိသားစုအတွက်ရော ဂုဏ်ယူပါတယ်။

**ပြီးတော့မိုင်းမိုင်ကို ဒီ Myanmar Idol Season -2 ပြိုင်ပြီးတော့ လူတွေသတိထားမိပြီး ချစ်ခင်အားပေးလာကြတယ်။ အခုဆိုရင်မိုင်းမိုင်ဆိုင်းဆိုတာနဲ့ Rocker မလေးလို့ သူတို့စိတ်ထဲမှာ တန်းခနဲပေါ်တယ်ပေါ့နော်။ အဲ့ဒီအပေါ်မှာရောပျော်လား။**

သူတို့ အဲ့လိုချီးကျူးပေးတဲ့အတွက်လည်းကျေးဇူးများကြီးတင်ပါတယ်၊ ကိုယ့်အသံက ဒီ Rock သီချင်းနဲ့ အရမ်းလိုက်တယ်. . . အဲ့လိုမျိုး ချီးကျူးပေးတဲ့အတွက် ကိုယ်လုပ်ရမယ့် ရှေ့ဆက်ရမယ့်လမ်းမှာ ပိုပြီး ဘယ်လိုပြောရမလဲ ခွန်အားအရမ်း ဖြစ်တယ်။ ကိုယ်ကလည်း ဒီ Rock လမ်းကို ထိုးဖောက်မှာ ဖြစ်တဲ့အတွက် အဲ့လိုမျိုးချီးကျူးတဲ့အတွက် အရမ်းခွန်အားရပါတယ်။

**မိုင်းမိုင်အနေနဲ့ သီချင်းအမျိုးအစားတွေထဲမှာဆိုရင်ရော ဘယ်လိုမျိုး သီချင်းအမျိုးအစားကို အနှစ်သက်ဆုံးလဲ။**

မိုင်းမိုင်က Rock အမျိုးအစားကြိုက်တယ်။ ပြီးတော့ အဲ့လိုအချစ်သီချင်းထက် ခွန်အားပေးတဲ့ သီချင်းတွေကို ပိုကြိုက်ပါတယ်။

**အခုဆိုရင် ရှိုးပွဲတွေတော်တော်များများ လိုက်ဆိုတာတွေတွေ့ရတယ်ပေါ့နော်။ပြီးခဲ့တဲ့သင်္ကြန်တုန်းကလည်း မိုင်းမိုင်ကို မြစ်ကြီးနားမှာတွေ့လိုက်ရသေးတယ်။**

သင်္ကြန်ကတော့ မိုင်းမိုင် ၄ နှစ် ၅ နှစ်လောက်ရှိပြီ လိုက်ဆိုဖြစ်တယ်၊ ပိုက်ဆံရှာရမယ်ဆိုတော့ မိသားစုကလည်း အဆင်သိပ်မပြေဘူးဆိုတော့ အဲ့ဒါကတော့ ဝမ်းစာအတွက် လုပ်ရတယ်ဆိုတော့ နှစ်တိုင်းလိုလိုဆိုဖြစ်တယ်၊ အဲ့ဒီမှာ ဆိုပြီး ရတဲ့ပိုက်ဆံကလည်းမနည်းဘူး ၃-၄ သိန်းဆိုတော့ အဲ့ဒီတုန်းက ကိုယ်တို့အတွက် အလုံးအရင်းရတယ်ဆိုတော့ အဲ့လိုရလို့ရှိရင် ကိုယ့်အတွက်ရော မိသားစုအတွက်ရော အဆင်ပြေတယ်။ အခုဒီရောက်လာပြီဆိုတော့ ကိုယ်ကသူများတွေ အားလုံးနဲ့ Flexible ဖြစ်အောင် balance ဖြစ်အောင် နေရတယ်ဆိုတော့ ဘုရားပွဲသာမက ကချင်ပွဲဆိုရင်လည်း ဆိုလိုက်တာပဲ။ အဲ့လိုမျိုးပေါ့နော်၊ ဘာလို့ဆို ကိုယ်က အနုပညာသည်တစ်ယောက်အနေနဲ့ ရပ်တည်လာပြီဆိုရင် လူမျိုးရေး၊ ဘာသာရေးတို့ကို လုံးဝထုတ်ထားရမယ်၊ ဘာအစွဲမှ မရှိရဘူး၊ မခွဲခြားရဘူး၊ အဲ့လိုရပ်တည်နိုင်ရမယ်ပေါ့။

**ရှိုးပွဲတွေမှာ ကြုံခဲ့ရတဲ့ အမှတ်တရတာစ်ခုလောက် ပြောပြပေးပါဦး။**

အမှတ်တရကတော့ ရှိုးပွဲတိုင်းလိုလိုဖြစ်ပါတယ်။ အဓိကအမှတ်တရကတော့မူဆယ်မှာ စစ်ဘေးရှောင်ပြည်သူတွေ အတွက် ရန်ပုံငွေရှာ ရှိုးပွဲသွားဆိုတုန်းက သူတို့က မိုင်းမိုင်ကို အရမ်းအားပေးလာတယ်။ ပြီးတော့ မိုင်းမိုင်တွေ့တာနဲ့ဖက်ငိုကြတယ်။ သူတို့က ငိုကြတော့ စိတ်ထဲမှာ ဘယ်လိုကြီးလဲမသိဘူး။ အခုပြောရင်လည်း ငိုချင်တယ်။ အဲ့လိုပေါ့ ပျော်လည်းပျော်တယ်၊ မိုင်းမိုင်ကို အရမ်းချစ်ပြီး ငိုပြီးကြိုဆိုကြတယ်။ အဲ့ဒါကတော့ မိုင်းမိုင်လုံးဝမေ့လို့မရတဲ့ အမှတ်တရပေါ့။ ပြီးတော့ မိုင်းမိုင်က အခုလည်း

ပိုက်ဆံရရင်ရသလို စစ်ရှောင်တွေကို ကူညီဖြစ်တယ်။ လားရှိုးဘက်က စစ်ရှောင်တွေ ကူညီတဲ့သူတွေ ရောက်ဖို့ခက်ခဲတဲ့နေရာတွေမှာ ဆိုရင်လည်း မနောအလှုအဖွဲ့ အန်တီ L ခွန်းရီအဖွဲ့တွေနဲ့ သွားကူညီဖြစ်တယ်။ အားပေးစကားတွေပြောတယ်။ ငွေကြေးလည်း ကူညီတယ်။ မိုင်းမိုင်တစ်ယောက်တည်းလည်း ရောက်ရင်ရောက်တဲ့နေရာတိုင်းမှာ မိုင်းမိုင်တတ်နိုင်တဲ့အားနဲ့ အတတ်နိုင်ဆုံးကူညီတဲ့အတွက် သူတို့အချစ်ကို ရတာပေါ့လေ။ အမှတ်တရ အရမ်းဖြစ်ပါတယ်။

**မိုင်းမိုင်ရဲ့ပရိသတ်တွေ မသိသေးတဲ့ အကြောင်းအရာဆိုရင်ရော ဘာဖြစ်မလဲ။**

ပရိသတ်တွေ မသိသေးတဲ့အချက်ဆိုရင်တော့ . . . မိုင်းမိုင်ကအရင်ကတည်းက ပွင့်ပွင့်လင်းလင်းနေတယ်။ ဖုံးကွယ် ထားတာလည်းမရှိဘူး။ အရင်ကလည်း ပြောပြဖူးပါတယ်။ မိုင်းမိုင်က စားသောက်ဆိုင်မှာလည်း အလုပ်လုပ်ဖူးတယ်ဆိုတာ အားလုံးကိုပြောပြတယ်။ တချို့ကတော့ စားသောက်ဆိုင်မှာလုပ်ရင် အထင်သေးကြတယ်။ ဒီ စားသောက်ဆိုင်မှာ လုပ်ပြီးတော့ မိုင်းမိုင်ရဲ့ မိသားစုကိုလည်း ထောက်ပံ့နိုင်လာတယ်။ အဲ့လို စားသောက်ဆိုင်မှာ လုပ်တဲ့အတွက် မိုင်းမိုင်ကတော့ မရှက်ပါဘူး။ အလုပ်တစ်ခုဖြစ်တဲ့အတွက် ရှက်စရာလည်းမရှိဘူး။ အစစအရာရာ ဖုံးကွယ်ထားတာ ဘာမှမရှိတဲ့အတွက် ပရိသတ်တွေ မသိသေးတာတော့ ထူးထူးခြားခြားတော့မရှိဘူး။ မိုင်းမိုင် ဆင်းရဲတယ်ဆိုတာလည်းပြောပြဖူးတယ်၊ ဘာလုပ်တယ်ဆိုတာလည်း အကုန်ပြောပြဖူးတယ်ဆိုတော့။ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ လျှောက်သွားတယ်၊ အရက်တို့ ဘီယာတို့ နည်းနည်းပါးပါး သောက်တတ်တယ်။ အမြဲတမ်းလည်း ပြောပြပါတယ်။ ပြီးတော့ကိုယ်က အရမ်းလိမ္မာသလိုနေပြရင်လည်း သူငယ်ချင်းတွေက အပြင်မှာကိုယ်က အဲ့လိုလျှောက်သွားနေတာမြင်ရင် ပိုရှက်စရာကောင်းတယ်။ အရင်က အရမ်းလည်း မိုက်ဖူးတယ်ဆိုတာကအစ အားလုံးပြောပြဖူးတယ်ဆိုတော့ ပရိသတ်တွေမသိသေးတဲ့ အကြောင်းအရာကတော့ မရှိသလောက်ပါပဲ။

**အရင်တုန်းကအရမ်းမိုက်ဖူးတယ်ဆိုတော့ အမှတ်တရအဖြစ်အပျက်တစ်ခုလောက် ပရိသတ်တွေကို ပြန်ပြောပြပေးပါဦး။**

အရင်တုန်းက ရည်းစားထားခဲ့တဲ့အချိန်တုန်းက . . အရမ်း. . . ဘယ်လိုပြောမလဲ အရမ်းချစ်လာတဲ့ ချစ်သူပေါ့။ ဘယ်လောက်တောင် ချစ်လဲဆိုရင် ကိုယ့်ကိုယ်ကိုယ်တောင် မိန်းကလေးဆိုတာတောင် မေ့သွားတယ်။ သမီးရည်းစားသဘောအရ ကတောက်ကဆအထင်လွဲပြီး ပြတ်ပြီလို့ပြောလိုက်တာ အရမ်းခံစားရပြီး၊ ဘီယာလေးသောက်ပြီး၊ ငိုပြီး သူတို့အိမ် သွားအော်တယ်၊ ကျောက်ခဲနဲ့ သွားပစ်တယ်၊ အသည်းကွဲတာတော့ မဟုတ်ဘူး။ အဲ့လိုတော့ရှိခဲ့တယ်။

**အခုရော နှလုံးသားရေးကိစ္စမှာ ဘယ်လိုလဲ။**

နှလုံးသားကိစ္စက. . . . လောလောဆယ်တော့ ချစ်သူမရှိသေးဘူး၊ Single ပါ။ ဒါပေမဲ့ မိုင်းမိုင်ကတော့ အပျိုကြီးလုပ်ဖို့တော့ အစီအစဉ်မရှိဘူး။ အိမ်ထောင်တော့ပြုမယ်၊ ဘာလို့ဆို မိသားစုဘဝကို လိုချင်တယ်၊ ကိုယ်ရဲ့ သား၊မြေးတွေ လိုချင်တယ်၊ မိန်းကလေးတွေက အိမ်ထောင်ပြုမယ်လို့ စဉ်းစားထားရင် အရမ်းအိုသွားလို့မရဘူး၊ အခုမိုင်းမိုင်က ၂၆ နှစ်ထဲ ဝင်လာပြီဆိုတော့ အိမ်ထောင်ပြုရတော့မှာပေါ့၊ အရင်တုန်းက မူကြိုအရွယ်ကနေ အဖေနဲ့အမေက မော်တွေသွားတယ်ဆိုတော့ ပစ်ပစ်ထားလေ့ရှိတယ်။ အဲ့ဒီတော့ မိုင်းမိုင်က နွေးထွေးတဲ့ မိသားစုလေး တော့လိုချင်တယ်။ အပျိုကြီး လုပ်ဖို့တော့ အစီအစဉ်မရှိပါဘူး။

**မိုင်းမိုင်အနေနဲ့ ရည်ရွယ်ထားတဲ့သူရော တွေ့နေပြီလား။ မရှိသေးဘူးဆိုရင် မိုင်းမိုင် ရည်ရွယ်တဲ့သူက ဘယ်လိုပုံစံမျိုးဖြစ်စေချင်လဲ။**

တွေ့တော့ မတွေ့သေးဘူး။ ယူမယ်ဆိုရင်တော့ ကချင်ကောင်လေးပဲ ယူချင်တယ်။ တွေ့ရင်တော့ ယူမယ်။ မိုင်းမိုင်က မိုင်းမိုင်ကိုယ်တိုင်က ချမ်းသာတဲ့အထဲ မပါတဲ့အတွက်၊ ကိုယ့်ကိုတကယ်ချစ်တဲ့သူ၊ နားလည်ပေးတဲ့သူ၊ ချမ်းသာသည်ဖြစ်စေ မချမ်းသာသည်ဖြစ်စေ၊ ငွေရေးကြေးရေးက ဘယ်လိုဆိုတာတော့ မသတ်မှတ်ထားဘူး၊ အဓိကကတော့ ယောကျ်ားတစ်ယောက်ဆို အလုပ်ရှိရမယ်၊ အလုပ်ရှိတဲ့ ယောကျ်ားဖြစ်ရမယ်။ မိုင်းမိုင်အပေါ် နားလည်ပေးနိုင်ရမယ်၊ အကောင်းအဆိုး မျှဝေခံစားပေးနိုင်တဲ့သူ၊ ပုံစံပြောရရင်တော့အရပ်ရှည်တာကြိုက်တယ်၊ အရမ်းပိန်တာလည်း မကြိုက်ဘူး။ ဝတာလည်း ကြိုက်တယ် အရမ်းကြီး 0ver weight မဖြစ်ရင်ပေါ့။ အရပ်ရှည်ရင်ကြိုက်ပါတယ်။

**နောက်ပြီး မိုင်းမိုင်ရဲ့လတ်တလော အနုပညာလှုပ်ရှားမှုနဲ့ ပတ်သက်ပြီးတော့ရော . . ။**

လတ်တလော အနေနဲ့တော့ တေးစီးရီးတစ်ခုထွက်ဖို့ရှိတယ်။ နောက်လ ၁၁ လပိုင်း ၁၂ လပိုင်းလောက်တော့ထွက်နိုင်အောင် ကြိုးစားနေတယ်။ အခုတော့ ရှိုးပွဲတွေလိုက်ဆိုဖြစ်နေတယ်။ မနက်ဖြန် သန်ဘက်ခါဆိုရင် မိုင်းမိုင်ကျောက်ဆည်ဘက် ရှိုးပွဲသွားဆိုရမယ်၊ ပြီးတော့ ဒီလကုန်ဆိုရင် မြစ်ကြီးနားဝိုင်းမော်ဘက်ကို ပြန်လာဖို့ရှိသေးတယ်၊ နောက်လလောက်ဆိုရင်တော့ စက်ဘူသီတင်းကျွတ်ဆိုတာ ရှိတယ်။ အဲ့ဒီမှာ သွားဆိုရမယ်။ အန်ကယ်ဦးသိန်းတန်၊ ဟဲလေးရယ်၊ မိုင်းမိုင်ရယ် သွားဆိုမှာပေါ့။ နောက်ထပ် ချောင်းသာ သွားဖို့လည်း ရှိတယ်။ ချိတ်ထားတဲ့ပွဲတွေလည်းရှိပါတယ်။

**တစ်ကိုယ်တော်စီးရီး ထုတ်တော့မယ်ဆို. . . စီးရီးနဲ့ပတ်သက်ပြီးတော့လည်း သိချင်ပါတယ်။**

Rock စီးရီးဖြစ်မှာပါ။ အားလုံးက မိုင်းမိုင်ကို Rocker တစ်ယောက်အနေနဲ့မြင်ထားတော့ ဒီမြန်မာနိုင်ငံမှာ Rocker က မသျှိုပြီးရင် မိန်းကလေး Rocker က ရှိတော့ရှိတယ် ရှားတယ်၊ Rocker ကို ရှူးသွပ်တဲ့ပရိသတ်တွေကတော့ မိုင်းမိုင်ကို Rocker တစ်ယောက်အနေနဲ့ ရပ်တည်သွားခိုင်းစေချင်တယ်။ မိုင်းမိုင်လည်း ဒီတေးစီးရီးထဲမှာ Rock တွေပိုများမယ်။ အားလုံးက အသည်းကွဲဖူးတယ်ဆိုတော့ အသည်းကွဲသီချင်းတွေ ပါမယ်၊ ခွန်အားပေးသီချင်းတွေ ပါမယ်၊ လောကရဲ့ အကြောင်းတွေပါမယ်။ တေးရေးဆရာတွေကတော့ သူငယ်ချင်းတွေရေးပေးတဲ့ဟာပါမယ်၊ ကိုထိုကြီး၊ ကိုညီမင်းခိုင်၊ ဘေဝါ၊ ဗိုလ်ဗိုလ်ထွဋ်၊ ဝေကြီး၊ ကိုစစ်သူ တို့ရေးပေးတာပေါ့။ အဓိကကတော့ Rock စီးရီးဖြစ်မယ်။ သီချင်းကတော့ ၁၁ ပုဒ်ပါမယ်။ ထွက်မှာကတော့ ၁၁ လ ပိုင်း မဟုတ်ရင် ၁၂ လပိုင်းလောက်တော့ထွက်နိုင်အောင်ကြိုးစားနေပါတယ်။

**မိုင်းမိုင်အနေနဲ့ ကချင်ပြည်နယ်က အနုပညာဝါသနာပါတဲ့ လူငယ်တွေအတွက် တစ်ခုခု ဖြည့်စွက်ပြောကြားပေးပါဦး။**

အဓိကကတော့ ကိုယ်လုပ်မယ်လို့ တွေးထားတဲ့အရာပေါ့နော်၊ ကိုယ်ရှူးသွပ်တဲ့အရာ အကဆိုလည်းအက အဆိုရှူးသွပ်တယ်ဆိုလည်း အဆိုပေါ့၊ ရှူးသွပ်တယ်ဆိုပြီးတော့ ရပ်တန့်ထားတာမျိုးမဟုတ်ဘဲနဲ့ သေချာအာရုံစိုက်ပြီး ဝီရိယရှိရှိလုပ်ပါလို့၊ လုပ်လို့ရှိရင်ကောင်းချီးတွေရပြီး အောင်မြင်မှုရလာမှာပါလို့။ ပြီးတော့ စိတ်ဓာတ်မကျဖို့ အရေးကြီးတယ်။ ကိုယ်ရှူးသွပ်တာကို မရပ်လိုက်ဘဲနဲ့ တစ်ခုထဲကိုပဲ တစိုက်မတ်မတ်နဲ့ လုပ်ဖို့ ပြောချင်ပါတယ်။


**မိုင်းမိုင်ကိုချစ်တဲ့ ပရိသတ်တွေကိုရော စကားလက်ဆောင်ပြောပေးပါဦး။**

အားပေးနေတဲ့ သူတွေအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။ မိုင်းမိုင်လည်း ကိုယ်က ကချင်တိုင်းရင်းသူတစ်ယောက် ဖြစ်တဲ့အတွက် အမျိုးချစ်စိတ်ကြီးတဲ့ ကချင်လူမျိုးတစ်ယောက် ဖြစ်ရတဲ့အတွက် မိုင်းမိုင်အမြဲတမ်းလည်း အရမ်းဂုဏ်ယူနေတယ်။ ကိုယ်ရှေ့ဆက်လျှောက်မယ့် လမ်းခရီးမှာလည်း ကိုယ်က ကချင်တိုင်းရင်းသူတစ်ယောက် ဖြစ်တဲ့အတွက် ကိုယ့်ကချင် လူမျိုးတွေ စိတ်မပျက်ရအောင် မိုင်းမိုင် ကြိုးစားလျှောက်လှမ်းနေတယ်။ အခု ခွေတွေလည်းလုပ်နေတယ်။ ကိုယ်တစ်ယောက်တည်းအတွက် အောင်မြင်ခြင်းမဟုတ်ဘဲနဲ့ ကိုယ့်လူမျိုးအတွက်လည်း ဖြစ်ပါစေဆိုပြီး စဉ်းစားထားတယ်။ အားလုံးလည်း ဆုတောင်းကူကြပါလို့။ ခွေထွက်လာရင်လည်း အားပေးကြပါ။ မိုင်းမိုင်လည်း အရမ်းကြိုးစားနေပါတယ်။

ဟုတ်. . အခုလိုဖြေကြားပေးတဲ့မိုင်းမိုင်ကို မြစ်ကြီးနားသတင်းဂျာနယ်က ကျေးဇူးအများကြီးတင်ပါတယ်။

မိုင်းမိုင်လည်း မြစ်ကြီးနားဂျာနယ်ကို ကျေးဇူးများကြီးတင်ပါတယ်။ မြစ်ကြီးနားသတင်းဂျာနယ်လည်း ဒီထက်မက အောင်မြင်ပါစေ။

# တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ သိပ္ပံနည်းပညာသုတေသီများမှ မျက်ခုံးဖြူမျောက်လွဲကျော်၏ မွေးကင်းစမျောက်လွဲကျော်တွေ့ရှိ




ဩဂုတ်လ၊ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ တက်ဟုန်းပြည်နယ်ခွဲ ထုန်ပိကွမ်းသဘာဝထိန်းသိမ်းရေးဒေသစီမံကြီးကြပ်မှုဌာန မျောက်လွဲကျော်မျိုးစိတ် သုတေသနပြုအဖွဲ့မှ မျောက်လွဲကျော်အမျိုးအစားအုပ်စုအရေအတွက်ကို သွားရောက် စစ်ဆေးရေတွက်ခြင်း၊ မျောက်လွဲကျော် အစားအစာအရင်းအမြစ်ကိုစစ်ဆေးခြင်းနှင့် နေထိုင်မှုအတိုင်းအတာကို စစ်ဆေးသည့်လုပ်ငန်းများကို လုပ်ဆောင်ပြီး မျောက်လွဲကျော်ကို ကာကွယ်ထိန်းသိမ်းသည့် အခြေခံကိန်းဂဏန်းများအား စုစည်းလျက်ရှိပါသည်။

အစားအသောက်အရင်းအမြစ်ကို စစ်ဆေးသည့် လုပ်ငန်းစဉ်တွင် ရင်ကျန်းခရိုင်ကျီးနကျေးရွာအုပ်စု ရှန်းပေါ်ရွာမှ ဟုပ်စန်းအုပ်စု၊ ကျုံးဆန်းပအုပ်စုနှင့် လမာဟယ်ကျင့်ချီပလော့ခေါ့အုပ်စုတွင် အသစ်မွေးဖွားထားသော မျောက်လွဲကျော်များကို တွေ့ရှိခဲ့ပါသည်။

ကောင်းလီကုန့် မျက်ခုံးဖြူမျောက်လွဲကျော် (Hoolock Tianxing) သည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် တရုတ်သိပ္ပံပညာရှင်မှ အမည်ပေးခဲ့သော မျောက်လွဲကျော်အမျိုးအစားသစ်ဖြစ်ပါသည်။ "မျိုးသုဉ်းရန်အန္တရာယ်ရှိ တောရိုင်းတိရစ္ဆာန်၊ သစ်ပင်အမျိုးအစားနိုင်ငံတကာကုန်သွယ်ရေးကွန်ဗင်းရှင်း" နောက်ဆက်တွဲ(I) အမျိုးအစားတွင်ပါဝင်ပြီးနိုင်ငံတော်ပထမအဆင့် ကာကွယ်ထိန်းသိမ်းသည့် တိရစ္ဆာန်ဖြစ်ပါသည်။ စစ်ဆေးဖော်ပြချက်များအရ တစ်ကမ္ဘာလုံးတွင် အကောင်ရေ ၁၅၀ ကောင်ပင်မရှိပါ။ မျိုးသုဉ်းတော့မည့် ရှားပါးတိရစ္ဆာန်ဖြစ်ပါသည်။ တက်ဟုန်းပြည်နယ်ခွဲ ကောင်းလီကုန့် မျက်ခုံးဖြူမျောက်လွဲကျော်ကို ကာကွယ်ထိန်းသိမ်းရန်အတွက် ထုန်ပိကွမ်းသဘာဝကာကွယ်ထိန်းသိမ်းရေးဇုန် စီမံကြီးကြပ်ဌာနမှ စီမံကိန်းငွေကြေးများကို ကြိုးပမ်းရယူကာ အခြေခံစစ်ဆေးသုတေသနလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

စစ်ဆေးတွေ့ရှိမှုအရလက်ရှိ တက်ဟုန်းပြည်နယ်ခွဲတွင် မျောက်လွဲကျော်အုပ်စု ၂၄ စု ရှိပြီး အကောင်ရေ (၇၃-၇၇) ကောင်ရှိပါသည်။ လှုပ်ရှားမှုအတိုင်းအတာမှာ ၅၆၀၀ ဟက်တာရှိပြီး အမြဲတမ်းစားသုံးသောအစားအစာအမျိုးပေါင်း ၃၀ ကျော်ရှိပါသည်။ အသစ်တိုးသော အုပ်စုသုံးစုရှိပြီး ထိုအနက် ရင်ကျန်းခရိုင် ကျီးနရွာတွင် အုပ်စုတစ်စု၊ ဆူးတျန့်ရွာတွင်အုပ်စုနှစ်စုရှိကြောင်းသိရပါသည်။

(တက်ဟုန်းပြည်နယ်ခွဲ ညီညွတ်ရေးသတင်းစာတိုက်မှ ရေးသားပေးပို့သူ လီယွဲ့ထီ၊ ဝမ်ဝေကျိမ့်၊ ရင်ဖားဝမ့်)




# One Championship မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်မည့် အောင်လအင်ဆန်က ပြိုင်ဘက်ကို (၃)ချီအတွင်း ထိုးသတ်အနိုင်ယူမည်ဟု ပြောဆို




One Championship မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်မည့် အောင်လအင်ဆန်ပြိုင်ဘက်အား (၃)ချီအတွင်း ထိုးသတ်အနိုင်ယူမည်ဟု ပြောဆို

One Championship ပြိုင်ပွဲ၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ပိုင်ရှင် အောင်လအင်ဆန်သည် ဒုတိယအကြိမ်မြောက် ချန်ပီယံကာကွယ်ပွဲအဖြစ် လဘနွန်နိုင်ငံသား မိုဟာမက်ကရာကီနှင့် လာမည့် အောက်တိုဘာလ ၂၆ရက်နေ့၌ သုဝဏ္ဏအားကစားရုံတွင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်းတို့၏ ကမ္ဘာ့ချန်ပီယံခါးပတ်များပိုင်ရှင် အောင်လအင်ဆန်သည် ယခုတစ်ကြိမ်တွင် ကစားသမား ဘဝ ရှုံးပွဲလုံးဝမရှိသေးသူ အသက် ၂၇ နှစ်အရွယ် လက်ဘနွန်နိုင်ငံသား ကရာကီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သော်လည်း ပြိုင်ဘက်အား Standup Fight (ရပ်လျက်ထိုးသတ်ခြင်း) ဖြင့် (၃)ချီ အတွင်း အနိုင်ယူသွားမည်ဟု ပြောဆိုလိုက်သည်။

အောင်လအင်ဆန်က "ကရာကီရဲ့ အားသာချက်က ရှုံးပွဲမရှိသေးပါဘူး။ Ground Fight မှာ သူက အားပြင်းပါတယ်။ အခြားသူတွေကို အနိုင်ယူတယ်။ ကျွန်တော်က လက်ဝှေ့၊ ဒူး၊ တံတောင်တွေနဲ့ ကစားဖို့ ပြင်ဆင်ထားပါတယ်။ (၃)ချီလောက်ကစားပြီး အနိုင်ယူဖို့ စိတ်ကူးထားပါတယ်"ဟု ပြောဆိုခဲ့သည်။

**ကိုပြည့်စုံ (T.U)**

# သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲအတွက် မြစ်ကြီးနားမြို့တွင် လာရောက်ဖျော်ဖြေသော နိုင်ငံကျော်တေးသံရှင် နီနီခင်ဇော်၊ လွှမ်းပိုင်နှင့် ဖြိုးပြည့်စုံတို့မှ ကချင်ပြည်နယ် စစ်ဘေးရှောင်ပြည်သူတို့အတွက် ဆုတောင်းစကား၊ အားပေးစကား

**နီနီခင်ဇော်**



ဟုတ်. . . နီနီကလည်း ဒီ Campaign တွေမှာအမြဲလိုလို ပါဝင်ဖြစ်တယ်ပေ့ါနော်၊ အဲ့တာကျတော့ မမ ရေဗက္ကာဝင်းတို့ဦးဆောင်တဲ့ သူတို့လှုပ်ရှားမှုတစ်ခု ရှိပါတယ်။ အဲ့ဒီမှာလည်း စစ်ဘေးရှောင်၊ ပြီးခဲ့တဲ့ တစ်ခေါက်မှာပေ့ါနော် စစ်ဘေးရှောင် ပြည်သူတွေ၊ ဟို. . . ဖူလုံရေးအတွက်ပေ့ါနော်။ သူတို့ရဲ့လိုအပ်ချက်တွေ ဖြည့်တင်းပေးနိုင်ဖို့အတွက်လှုံ့ဆော်ရေးပေ့ါ၊ လှုံ့ဆော်ရေး သဘောဆောင်တဲ့ ဟာမျိုးလေးတွေမှာ နီနီတို့ ပါဝင်ပြီးတော့ လှုပ်ရှားဖြစ်ပါတယ်၊ အဲ့တော့ဒီမှာက အများဆုံးပေ့ါနော်၊ အများဆုံးလို့ပြောလို့ရတဲ့ ဒီဒေသတစ်ခုမှာ ဒီဟာလေးတွေကိုလည်း အမြန်ဆုံးပြေလည်အောင် ဆောင်ရွက်နေတယ်လို့လည်း မျှော်လင့်မိပါတယ်။

**လွှမ်းပိုင်**



ဒီဟာကတော့ပေ့ါနော်. . ပြည်တွင်းစစ်ကတော့ ဘယ်လိုခေါ်မလဲ ကိုယ့်မြို့မှာဖြစ်တယ်ဆိုရင် ပိုဆိုးတာပေ့ါနော်၊ ဘာလို့ဆိုတော့ ကိုယ့်မြို့ဆိုတာ ကိုယ့်အိမ်ရှိတဲ့နေရာ၊ ပြီးတော့ ကိုယ့်အိမ်မှာ ဒီလိုမျိုးမငြိမ်းမချမ်းနဲ့ပေ့ါနော်၊ ညလည်းကောင်းကောင်းမအိပ်ရ ဘယ်အချိန် စစ်ထဖြစ်မယ်မလဲဆိုတာ ကျီးလန့်စာစားနေနေရတဲ့ အနေအထားကတော်တော်လေးကို စိတ်ချမ်းမြေ့စရာ မကောင်းဘူးဆိုတာ ကျွန်တော်တို့လည်း ခံစားဖူးပါတယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော်တို့တုန်းက စစ်ဖြစ်တာတော့ မဟုတ်ဘူးပေ့ါနော် . . ရန်ကုန်မှာ ဟိုးအရင်က ရွှေဝါရောင်တော်လှန်ရေးဖြစ်တဲ့အချိန်တုန်းကဆိုရင်တောင် အဲ့လိုပေ့ါနော်. . . ကာဖျူးတွေ ထုတ်ထားတယ်၊ ညမထွက်ရ အမိန့်တွေထုတ်ထားတယ်၊ အရေးအခင်းတွေ၊ ဆူပူမှု အဲ့လိုဖြစ်နေတဲ့အချိန်မှာတောင် နေရတာ စိတ်မချမ်းသာဘူးပေ့ါနော်၊ ဘယ်အချိန် ဘယ်လိုမျိုး ထဖြစ်မလဲ၊ကိုယ့်အိမ်ပဲရောက်လာမလား အဲ့လိုမျိုး စိတ်ခံစားချက်ကို ဒါ စစ်ဖြစ်တာမဟုတ်တာတောင်မှ တော်တော်လေး စိတ်ညစ်ဖို့ကောင်းတယ်ပေ့ါနော်၊ အခုလိုမျိုး စစ်ဖြစ်တဲ့ နေရာမှာဆိုရင် ကိုယ်ချင်းစာပေးလို့ရပါတယ်၊ ပြီးတော့ပြည်တွင်းစစ်တွေလည်း အမြန်ဆုံးပေ့ါနော်။ ညှိနှိုင်းပြေလည်ပြီးတော့မှ ပြီးပါစေလို့လည်း ဆုတောင်းပါတယ်. . . ဟုတ်။

**ဖြိုးပြည့်စုံ**



ဟုတ်. . . မှန်ပါတယ်၊ အမှန်တကယ်တော့လေ အစ်ကိုတို့ကကျတော့ Entertainment လိုပဲ ဖျော်ဖြေရတာပေ့ါနော်၊ ဖျော် ဖြေတယ်ဆိုတာ လူတွေကို ပျော်ရွှင်စေတာပေ့ါ၊ ဒါပေမဲ့ ဟို. . . တိုင်းပြည်မှာက လူမှုရေးတွေ၊ စီးပွားရေးတွေ၊ ကျန်းမာရေးတွေ အစစအရာရာ အဆင်ပြေနေမှ ဒီ Entertainment ဆိုတဲ့အချိန်ကို ကောင်းကောင်းကျော်ဖြတ်နိုင်တယ်ပေ့ါနော်၊ အဲ့ဒီတော့ ပြည်သူတွေက မြန်မာနိုင်ငံမှာရှိတဲ့ ဘယ်နေရာမဆို ပြည်သူတွေ တစ်စိတ်တစ်ဒေသ ထိခိုက်နစ်နာပြီး စိတ်ညစ်နေရရင်၊ အစ်ကိုတို့ ဖျော်ဖြေနေရတဲ့လူတွေအတွက်လည်း ထိခိုက်တာပဲ၊ နစ်နာတာပါပဲ၊ အဲ့ဒီအတွက်ကြောင့် တစ်ချက်အားပေးချင်တာ ဆိုတော့လေ ဟို. . . ဘယ်လိုပြောရမလဲ ။ ထိခိုက်နစ်နာသွားတဲ့ မိသားစုဝင်များ ကိုယ့်ကိုယ်ကိုယ်ပေ့ါနော်၊ ငါတို့ပဲလားလို့ တွေးနေတာမျိုးလေးတွေ ရှိနိုင်တယ်၊ အဲ့ဒီတော့မဟုတ်ပါဘူး၊ စာနာနားလည်ပေးနိုင်တဲ့သူတွေမြန်မာတစ်နိုင်ငံလုံးမှာ ရှိပါတယ်၊ အစ်ကိုတို့အပါအဝင်ပေ့ါနော်၊ တစ်ယောက်တည်းမဟုတ်ဘူးဆိုတဲ့စိတ်က အနည်းနဲ့အများ ခွန်အားဖြစ်စေမှာပဲလေနော်၊ နောက်ပြီးတော့ အခက်အခဲဆိုတာ လူတိုင်းမှာရှိတဲ့အတွက် တစ်ချိန်ကျရင်အကောင်းဆုံး ကျော်ဖြတ်နိုင်သွားလိမ့်မယ်။ အဓိကကတော့ အားလုံး စည်းစည်းလုံးလုံးနဲ့ပေ့ါနော်၊ တိုင်းပြည်အေးချမ်းအောင် ကြိုးစားရမှာပဲ၊ ရောက်တဲ့နေရာကနေ ကျောင်းသားဆိုလည်း ကျောင်းသားအလျောက်၊ ကျောင်းသူဆိုလည်း ကျောင်းသူအလျောက်၊ နောက်မိဘဆိုလည်း မိဘနေရာကနေ၊ အလုပ် လုပ်နေတယ်ဆိုလည်း၊ နယ်ပယ်အသီးသီးကနေပေ့ါ၊ ကိုယ်တို့လို အနုပညာရှင်ဆိုလည်း၊ အနုပညာအရာကနေ အားလုံး ငြိမ်းချမ်းရေးကို ဦးတည်တဲ့ပူးပေါင်းမှုလုပ်ကိုင်ရမှာပါ၊ လုပ်လည်းလုပ်ကိုင်ရမယ်ဆိုတာ ပြောချင်ပါတယ်။

Benadeth